# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့် ၊ သောကြာနေ့ ၊ (8-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၅၈ နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်သူများထံ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၅၈ နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်သူများထံ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ၅၈ နှစ်မြောက် နှစ်ပတ်လည်နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့် အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တစ်ပြေးညီ သာယာဝပြောရေးကို

**စာမျက်နှာ ၁၈ ကော်လံ ၁**

## ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရာထူးဝန်ရာထူးအခမ်းအနားအား နိုင်ငံတော်ရာထူးဝန်ရာထူးအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) အထူးကြပ်မတ်ကုသဆောင်၌ ဆေးရုံတက်ရောက်၍ အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိရာမှ ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့သောကြောင့် ၎င်း၏ ရာထူးဝန်ရာထူးအခမ်းအနားအား နိုင်ငံတော်ရာထူးဝန်ရာထူးအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ❑

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောယာယီသမ္မတ ဦးမြင့်ဆွေ၏ ရာထူးဝန်ရာထူးအခမ်းအနားအား နိုင်ငံတော်ရာထူးဝန်ရာထူးအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်
အယ်ဒီတာ့အာဘော်

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

ဝါခေါင်လသည် မြန်မာဆယ့်နှစ်လရာသီတွင် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်လသည် မိုးဥတုတွင်ပါဝင်သည်။ ရှေးအခါက ဝါခေါင်လကို "နံကာ"လဟုခေါ်သည်။ ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လကို "နံကာလ"ဟု ရေးထိုးထားသည်။ နံကာလ၏ အဓိပ္ပာယ်မှာ စိုက်ပျိုးချိန်၊ လယ်လုပ်ချိန်၊ စိုက်ပျိုးချိန်လ၊ လယ်လုပ်ချိန်လဟုခေါ်သည်။

ဝါခေါင်လ၏ ရာသီပွဲတော်မှာ စာရေးတံမဲပွဲဖြစ်သည်။ ဗေဒင်အခေါ်မှာ သိဟ်ရာသီဖြစ်ပြီး ထိုရာသီတွင် သရဝဏ်နက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်ကာလပြည့်၏။ ဖုဿျနက္ခတ်နှင့်နေမင်းတို့ယှဉ်ပြိုင်၏။ ရာသီသင်္ကေတရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်၏။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ်သတ်မှတ်ပြီး ဒေသအလိုက်ရှိ ဗုဒ္ဓဘာသာဝင်တို့က မေတ္တာအခါတော်နေ့ကျင်းပကြကာ ရှေးအစဉ်အလာအတိုင်း စာရေးတံမဲပွဲများဆင်နွှဲလှူဒါန်းကြသည်။

ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့သည် မြတ်စွာဘုရားရှင်လက်ထက်တော်က စတင်ခဲ့သည်။ မြတ်စွာဘုရားရှင်လက်ထက်တွင် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားနာယူပြီးနောက် ဝါဆိုဝါကပ်ကမ္မဋ္ဌာန်းတရားများအားထုတ်ကြသည်။ ရဟန်းတော်တို့ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ တောအုပ်ရှိနတ်များသည် ရဟန်းတို့၏အကျင့်သီလကြောင့် ၎င်းတို့ဗိမာန်များတွင် မနေနိုင်ကြသဖြင့် ရဟန်းတို့အား နည်းမျိုးစုံဖြင့် ခြောက်လှန့်ကြရာ ရဟန်းတို့သည် ကမ္မဋ္ဌာန်းတရားတို့ကောင်းစွာအားမထုတ်နိုင်ဖြစ်ကြရသည်။

ထို့ကြောင့် ရဟန်းငါးရာတို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားရှင်ထံ သွားရောက်ကာ ဖြစ်စဉ်တို့ကိုလျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားရှင်က ဝါခေါင်လပြည့်နေ့တွင် ရဟန်းတို့ကို မေတ္တာသုတ္တန်ဒေသနာတော်ဟောကြားသွန်သင်ပြီးနောက် တောအုပ်သို့ပြန်စေသည်။ ရဟန်းတို့သည် တောအုပ်၌ မေတ္တာသုတ္တန်လာ မေတ္တာဘာဝနာပွားများကြရာ နတ်များက နှစ်သက်ကြသဖြင့် ကြိုဆိုနေရာပေး အလေးဂရုပြုလာကြသည်။ ထိုဖြစ်စဉ်အရ မေတ္တာတရားသည် ရန်သူသော်မှ မိတ်ဆွေအဖြစ် ပြောင်းလဲသွားတတ်ပေသည်။

မြတ်စွာဘုရားကဟောကြားထားသည်မှာ အထက်အောက် ဘေးဘီအရပ်မျက်နှာအားလုံး၌ အကျဉ်းအမြောင်း မရှိ၊ အတွင်းရန်အပြင်ရန်မရှိ အတိုင်းမသိမြတ်နိုးတတ်သော မေတ္တာစိတ်ကို ပွားများစေရာ၏။ အိပ်ငိုက်သော အခါမှ တစ်ပါး၊ မတ်တတ်ရပ်နေစဉ်ဖြစ်စေ၊ လမ်းလျှောက်သွားနေစဉ်ဖြစ်စေ၊ ထိုင်နေစဉ်ဖြစ်စေ၊ လဲလျောင်းနေစဉ်ဖြစ်စေ၊ အမြဲမပြတ်သတိချပ်လျက် မေတ္တာပို့နေရာ၏။ ထိုသို့ မေတ္တာစိတ်နှင့် အမြဲမပြတ်နေခြင်း၊ ထိုင်ခြင်းတို့ကို "မြတ်သောနေခြင်း"ဟူ၍ ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် လူအချင်းချင်းနှိပ်စက်ခြင်းကင်းဝေးပြီး ဒေါသ၊ မောဟ၊ မာန်မာနများလျော့ပါးကာ အများသူငါ သတ္တဝါတို့အပေါ် ကိုယ်နှင့်ထပ်တူ ချမ်းသာစေရန် မေတ္တာပို့မည်ဆိုပါက ထိုပို့သသောမေတ္တာ၏ရောင်ပြန်ဟပ်မှုအကျိုးကိုရရှိကြမည်ဖြစ်သည်။ ထို့အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူပြည်သားအပေါင်းတို့ကလည်း ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှစ၍ နေ့စဉ်ရက်ဆက်မေတ္တာဘာဝနာများပွား၍ တစ်ဦးအပေါ်တစ်ဦး မေတ္တာရှေ့ရှုကာ ပြုမူပြောဆိုတွေးကြံကြခြင်းဖြင့် မြန်မာပြည်တစ်ဝန်းဘေးမသန်းဘဲ အေးချမ်းသာယာမှုကိုပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ လက်ခံတွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး လိုအပ်သည့်အပိုင်းများ၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်နေသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်စီးတီးတွင် DAGUN International School ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိခဲ့သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ DAGUN International School တည်ထောင်အုပ်ချုပ်သူနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် နှမ်းစပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ရွှေဘို ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်နွေစပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၆၄၉၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို မေလ မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီးဖြစ်ပြီး တစ်ဧကလျှင် ၈၇ ဒသမ ၅၄ တင်းထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၆၄၉၁၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေ အခုလက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာတွေပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေစပါးများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိစေရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မြောင်းမြ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧကကို မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံ လျာထားဧကအားလုံး စနစ်တကျ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေ ပီလောပီနံတွေကို လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့နဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့အတွက် ဌာနဝန်ထမ်းတွေက နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ပီလောပီနံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပီလောပီနံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်နှင့် ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ တမုတ်ဆိုးကျေးရွာအုပ်စု ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ရှမ်းရွာကြီးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ ဖ၀ ကို ငွေကျပ် ၂၄ ဒသမ ၁၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ဦးကို ငွေကျပ် ၁၇ ဒသမ ၃ သန်းနှင့် အရောင်းအ၀ယ်လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၁၀၂ လမ်း၊ ၆၂-၆၃ လမ်းကြားနေ ကိုဝေယံထက်လင်း+မသိင်္ဂဖေ မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြင်းမူ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၃၃ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါးဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရမည်းသင်းမြို့နယ် တောင်ကန်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရမည်းသင်း ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကန်ကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသီတာထွေး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ကန်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေ၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ တောင်ကန်ကြီးကျေးရွာ၌ လမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် သိန်း ၁၆၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ဗိုလ်ကိတ် ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ဝါးခယ်မမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပြန်လည်ဝယ်ယူအားကောင်းလာပါတယ်။ ဝါးခယ်မဘက်က ဒေသထွက်ပဲတွေ၊ စပါးတွေကို ကုန်သည်ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့ကုန်တက်လာတော့ ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မေတ္တာအခါတော်နေ့ မေတ္တာအခါတော်လ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

- သိဟ်ဝါခေါင် ရာသီစက်မှာတော့၊ မိလ္လာရောင်
  ပြာရီဖက်ပါလို့၊ ဣန္ဒာမောင် ဝါနီယှက်တယ်၊
  မိုးတက်လို့ မှောင့်ထက်မှောင်။
- ရုပ်ပုံမှာရွှေခြသေ့်ငယ်နှင့်၊ သိမ်မွေ့ကာပျော်လွှန်းလို့၊
  သရဝဏ်ရွှေကြယ်မြူးတယ်၊ ထူးတဲ့အရောင်။
- စာရေးတံ သဘင်ပြုတော့ကို၊ ပန်းခတ္တာ မာလာ
  နုငယ်နှင့်၊ ကင်းဖက်မူ ခေါင်ထက်ခေါင်၊
  အို…ပြည်ထောင် လုံးခြိမ့်လေး။ ။
- ရွှာမယောင် လေလေ့၊ ဝလာမောင် မာန်တော်
  ဖြိုးပါလို့၊ သည်မိုးပုံလျှပ်ခြည်ဆန်းတယ်နှင့်၊
  အခိုးစုံပတ်လည်က သန်းတော့တယ်၊
  နန်းပြည်မြို့ဝေးတဲ့မှကွယ်၊ မှန်းရည်လို့ဆွေး။ ။

(အမည်မသိ ရှေးစာဆို၏ ခွန်းထောက်)

- ချိန်ခါသမယ-လဝါခေါင်မှာ၊ ငွေတောင်မြစ်
  ပြည့်လျှမ်း၊ ခတ္တာငုံ ချပ်လွှာမှုန်တကြူကြူနဲ့၊
  ပြည်နိဗ္ဗူ ပတ္တနာသန်လို့၊ စာရေးတံ
  လှူတော်ပွဲကို ၊ နွဲပျော်ဖို့လှမ်း။ ။

(ဆရာဦးပြုံးချို၏လေးဆစ်သဖြန်)

ဝါခေါင်လနှင့်ပတ်သက်၍ ရှေးမြန်မာစာပေဂီတ ပညာရှင်ကြီးများက စာပန်းချီမျိုးစုံခြယ်သကာ အမွှန်းတင်ဂုဏ်ပြုခဲ့ကြသည်။ ဝါခေါင်လ၏ရာသီ အမည်က **"သိဟ်"** စန်းပြည့်နက္ခတ်က **"သရဝဏ်"**၊ ယှဉ်တာရာက **"ဗျိုင်းတာရာ"** ရာသီရုပ်က **"ခြသေ့်"**၊ ရာသီပန်းက **"ခတ္တာပန်း"** ရာသီပွဲက **"စာရေးတံပွဲ"**၊ လပြည့်သန်းခေါင်၊ နတ်ပေါင်းပင်က **"ပုဏ္ဏရိက်ပင်"**၊ ရက်ရာဇာက **"ဗုဒ္ဓဟူး၊ သောကြာ"**၊ ပြဿဒါးက **"ကြာသပတေး၊ စနေ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာတွင် ဝါခေါင်လကို **"နံကာလ"** ဟုကမွည်းရေးထိုးထားသည်။ **နံ** = အချိန်ကာလ။ **ကာ**= လယ်ယာလုပ်ကိုင်ထွန်ယက်စိုက်ပျိုးခြင်း၊ လယ်ယာထွန်ယက်စိုက်ပျိုးသည့် အချိန်ကာလဟုဖွင့်ဆိုထားသည်။ ထို့ကြောင့် **"နယုန်ဝါလ၊ ကြဲကြပျိုးထောင်၊ ဝါခေါင်ကန်သင်း၊ နှစ်လတွင်းမူ၊ ဆင်းကြလယ်ယာ၊ တောင်သူမယ်တို့"**ဟု မှတ်တမ်းပြုခဲ့ကြသည်။

ဗုဒ္ဓသာသနာကိုအခြေပြု၍ **"နံကာလ"**မှ **"ဝါခေါင်လ"** သို့ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်ဟုလည်း မှတ်တမ်းပြုထားကြသည်။ ဝါခေါင်ဆိုသောဝေါဟာရတွင် **"ဝါ "** သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်ပြီး **"ခေါင်"** သည် အလယ်ဗဟိုဖြစ်၏။ ထို့ကြောင့် ဝါခေါင်လသည် ဝါတွင်းသုံးလ အလယ်ဗဟိုကို ဆိုလိုခြင်းဖြစ်သည်။

**"ဝါဆိုဝါခေါင် ရေဖောင်ဖောင်"**ဟူသောစကားနှင့်အညီ ဝါခေါင်လတွင် မိုးကမစဲဘဲ သဲသဲမဲမဲ ရွာလေ့ရှိခဲ့ရာ ပါဆိုနေကြသော သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း၊ ပစ္စည်းလေးပါး မချို့တဲ့စေရေးကို အလေးထားကြကာ နေရာဒေသအနှံ့အပြားတွင် အလှူဒါနပွဲများ ကျင်းပကြလေ့ရှိသည်။ ထိုသို့ကျင်းပကြရာတွင် ကြွရောက်လာကြသည့် ဝါဆိုသံဃာတော်များနှင့် သာမဏေများကို ဝါးတံတွင် စာရေးပြီးသို့မဟုတ်စက္ကူလိပ်တွင်စာရေးပြီးစာရေးတံမဲဖောက်၍ လှူဖွယ်ပစ္စည်းများကို သီးသန့်လှူဒါန်းကြလေ့ရှိသည်။ ဆွမ်း၊ ကွမ်း၊ ပစ္စည်းလေးပါးအပြင် သီးခြားစာရေးတံမဲဖောက်၍ လှူဒါန်းကြခြင်းသည် ဝါခေါင်လ၏ထူးခြားလှသော **"စာရေးတံပွဲ"** ပင်ဖြစ်သည်။

ပို၍ထူးခြားမှုမှာ **"မေတ္တာအခါတော်နေ့နှင့် မေတ္တာအခါတော်လ"**ဟူသော သတ်မှတ်အမွှန်းတင်ဂုဏ်ပြုချက်ပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိခဲ့စဉ်က ရဟန်းတော်ငါးရာတို့သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကိုယူဆောင်၍ တောအုပ်တစ်အုပ်တွင် ဝါဆိုဝါကပ်တော်မူခဲ့ကြသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသော နတ်များက အမျိုးမျိုးခြောက်လှန့်ကြသောကြောင့် တရားဖြောင့်ဖြောင့်မထိုင်နိုင်ကြတော့ဘဲ မြတ်ဗုဒ္ဓသီတင်းသုံးတော်မူရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွသွားခဲ့ကြသည်။ မြတ်ဗုဒ္ဓက အကြောင်းစုံသိတော်မူသောအခါ **"မေတ္တသုတ်ဒေသနာတော်"**ကိုဟောကြားတော်မူခဲ့ပြီး ထိုမေတ္တသုတ်ဒေသနာတော်ကို မေတ္တာလက်နက်အဖြစ် ရွတ်ဖတ်ကျင့်ကြံစေခဲ့သည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်ထဲမှာပင်၊ မေတ္တသုတ်ဒေသနာတော်ကို ရွတ်ဖတ်ကျင့်ကြံခဲ့ကြရာ နတ်များချစ်ခင်လာကြသောကြောင့် ငြိမ်းချမ်းစွာ သီတင်းသုံးကျင့်ကြံနိုင်ခဲ့ကြသည်။ ဝါမကျွတ်မီကာလမှာပင် ရဟန်းတော်အားလုံး ရဟန္တာများဖြစ်ခဲ့ကြသည်။

ထိုသို့ဝါခေါင်လတွင် မြတ်စွာဘုရားရှင်သည် **"မေတ္တသုတ်တော်"**ကို ဟောကြားတော်မူခဲ့သောကြောင့် ဝါခေါင်လကို **"မေတ္တာအခါတော်လ"** ဝါခေါင်လပြည့်နေ့ကို **"မေတ္တာအခါတော်နေ့"**ဟု သတ်မှတ်ဂုဏ်ပြုပူဇော်ခဲ့ကြရာ မေတ္တာအခါတော်နေ့အခမ်းအနားများ ကျင်းပခဲ့ကြပြီး မေတ္တာဘာဝနာပွားများခြင်း ကုသိုလ်ထူးကို ရှေးရိုးစဉ်လာမပျက် ကျင်းပခဲ့ကြသည်။

**❖ မြတ်ဗုဒ္ဓက အကြောင်းစုံသိတော်မူသောအခါ "မေတ္တသုတ် ဒေသနာတော်"ကိုဟောကြားတော်မူခဲ့ပြီး ထိုမေတ္တသုတ်ဒေသနာတော်ကို မေတ္တာလက်နက်အဖြစ် ရွတ်ဖတ်ကျင့်ကြံစေခဲ့သည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်ထဲမှာပင်၊ မေတ္တသုတ်ဒေသနာတော်ကို ရွတ်ဖတ်ကျင့်ကြံခဲ့ကြရာ နတ်များချစ်ခင်လာကြသောကြောင့် ငြိမ်းချမ်းစွာ သီတင်းသုံးကျင့်ကြံနိုင်ခဲ့ကြသည်။ ဝါမကျွတ်မီကာလမှာပင် ရဟန်းတော်အားလုံးရဟန္တာများ ဖြစ်ခဲ့ကြသည်။ ❖**

ကျွန်တော်တို့ငယ်စဉ် မူလတန်းကျောင်းသားဘဝက စတုတ္ထတန်းတွင် ဗုဒ္ဓဘာသာပြဋ္ဌာန်းကာ မြို့နယ်အဆင့်ဗုဒ္ဓဘာသာစာပေပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့သောကျွန်တော်သည် ဆုတစ်ဆုရခဲ့သည်။ ပြဋ္ဌာန်းစာအုပ်ပါ မေတ္တသုတ်အနက်ကို ဖြေဆိုနိုင်ခဲ့သောကြောင့်ဖြစ်သည်။ ကျွန်တော်ယခုထိရွတ်ဆိုနေခဲ့သည်။ နှစ်ပေါင်း ၆၀ ကျော်က မူလတန်းတွင် ပြဋ္ဌာန်းခဲ့သည့် ဗုဒ္ဓဘာသာထဲမှ မေတ္တသုတ်အနက် တစ်စိတ်တစ်ပိုင်းကို မျှဝေပေးလိုသည်။

**"မာတာ** = မြင်းမိုရ်တောင်ဦး၊ မကကျူးသည့် ကျေးဇူးဂုဏ်ရှင် မွေးသမိခင်သည်။ **နိယံပုတ္တံ** = မိမိရင်နှစ်သားရင်းဖြစ်သော။ **ကေပုတ္တံ** = အရေထူအရေပါး၊ အသားကိုဖောက်၊ အရိုးရောက်အောင်၊ မြားမြောက်ခင်တွယ်၊ တစ်ယောက်တည်းသောသားငယ်ကို။ **မာယုသာ** = ဇီဝိန်အသက်၊ ယင်းအတွက်ကြောင့်။ **မနုရက္ခေကထာ**= မချို့တိုက်ကျွေး၊ ပိုက်ထွေးယုယ၊ နေ့ညမသွေ၊ စောင့်ရှောက်လေသကဲ့သို့။ **ဝေမ္ဗိတထာ** = ပမာမခြား၊ ထိုအလားသာလျှင်။ **သဗ္ဗဘူတေသု** = ခပ်သိမ်းရှိသမျှသော သတ္တဝါအနန္တတို့သည်။ **အပရိမာဏံ** = အတိုင်းအရှည် ကင်းပ၊ များပြားလှစွာသော။ **မာနသံ** = ထွေထွေယိုဖိတ်၊ မေတ္တာစိတ်ကို။ **ဘာဝယေ** = ပွားများစေကုန်သတည်း။"

မိခင်တစ်ဦးသည် တစ်ဦးတည်းသာရှိသောသားကို အသားကိုဖောက် အရိုးရောက်အောင် မိခင်မေတ္တာစိတ်နှင့် မေတ္တာထားပြီး ကျွေးမွေးစောင့်ရှောက်နေသကဲ့သို့ လူအချင်းချင်း စာနာမေတ္တာထားကြရန်နှင့် သတ္တဝါအနန္တကိုလည်း စာနာသနားမေတ္တာထားကြရန် မြတ်ဗုဒ္ဓက မေတ္တသုတ်တော်ဒေသနာမှာ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ အလွန်ပင်လေးနက်ထိရောက်လှပါပေသည်။

မေတ္တာဘာဝနာပွားများကြရာတွင် မေတ္တသုတ်မှ လာသည့် မေတ္တာဘာဝနာပွားများနည်း ၁၁ နည်း ရှိသည်။ ထို ၁၁ နည်းမှာ-

၁။ လုံးစုံများစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်၊ မမြင်အပ်၊ နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ၊ နီးနေ၊ နှစ်ထွေများစွာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်-တို-အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး-ငယ်-အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ-ကြုံ-အလတ်၊ သုံးရပ်ခန္ဓာသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဟူ၍ဖြစ်သည်။ မေတ္တာပွားနည်းများက အရပ် ၁၀ မျက်နှာ မေတ္တာပွားနည်းအပါအဝင် များစွာရှိကြသော်လည်း အဓိကအချက်မှာ နှစ်နှစ်ကာကာ ရင်ထဲနှလုံးသားထဲမှလာသောစာနာသနားမေတ္တာထားခြင်းမျိုးမှသာ ထိရောက်မှုအကျိုးအာနိသင်ရှိနိုင်သည်။

ထိရောက်မှုအကျိုးအာနိသင်ဆိုတာက **"အိပ်သော် ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့ ၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဖြဟ္မာတိုင်သား၊ ဆယ့်တစ်ပါး၊ ကျမ်းဂန်ဆိုသည်၊ လူဗိုလ်အများ၊ မေတ္တာပွား"** ဟူ၍ မေတ္တာအကျိုး ၁၁ ပါးရခြင်းပင်ဖြစ်သည်။

(၁) ကောင်းစွာအိပ်ရခြင်း၊
(၂) ကောင်းစွာနိုးရခြင်း၊
(၃) ကောင်းသောအိပ်မက်ကို မြင်မက်ရခြင်း၊
(၄) လူများချစ်မြတ်နိုးခြင်း၊
(၅) နတ်တို့ချစ်မြတ်နိုးခြင်း၊
(၆) နတ်တို့ကောင်းစွာ စောင့်ရှောက်ခြင်း၊
(၇) မီးလက်နက်၊ အဆိပ် စသည်တို့ဖြင့်မနှိပ်စက်ခြင်း၊
(၈) စိတ်တည်ကြည်ခြင်း၊
(၉) မျက်နှာအဆင်း တင့်တယ်ခြင်း၊
(၁၀) တွေဝေမှုမရှိဘဲ ဘဝကူးကောင်းခြင်း၊
(၁၁) ဖြဟ္မာပြည်သို့လားရခြင်း ဟူသောမေတ္တာအကျိုး ၁၁ ပါးကို ရရှိနိုင်ကြစေရေးအတွက်မေတ္တာအခါတော်လ (ဝါခေါင်လ)နှင့် မေတ္တာအခါတော်နေ့ (ဝါခေါင်လပြည့်နေ့)တွင် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြား၌ မေတ္တာပြန့်ပွားအောင် နှစ်စဉ်ဆောင်ရွက်ခဲ့ကြသည်။

ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသောကြောင့် ပရိတ်တရားတော်များ ပဋ္ဌာန်းရွတ်ဆိုပွဲများကို အလေးထားဆောင်ရွက်နေကြသကဲ့သို့ စစ်မှန်သော မေတ္တာတရားထားရှိရေး၊ ပွားများရေးကိုလည်း အလေးထားဆောင်ရွက်ကြစေလိုသည်။ မေတ္တာနှင့်ဆန့်ကျင်ဘက်က လောဘ၊ ဒေါသ၊ မောဟများပင်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟကြောင့် လူအချင်းချင်း လှည့်စားခြင်း၊ လုပ်ကြံခြင်း၊ ရက်စက်ခြင်း၊ ယုတ်မာခြင်းများရှိနေကြလေရာ ကပ်ဘေးများထဲတွင် မြွေပူရာကင်းမှောင့်ဖြစ်နေကြသည်။ **"သုတရတနာဆုံးမစာ"**တွင် **"ဆုတ်ကပ်အခါ၊ မကြင်နာ၊ မေတ္တာမရှိပါ"**ဟူ၍လည်းကောင်း၊ **"ကျည်းကန်စကားပုံ"**တွင် **"သံပရာတစ်ခြမ်း၊ ပျားတစ်ခြမ်းချဉ်ချို၊ နှလုံးညို၍၊ အလိုအပါ၊ မေတ္တာမသက်က၊ ထန်းလျက်မှ အခါးဖြစ်ရမြဲဖြစ်ချေသည်"**ဟူ၍လည်းကောင်း စာဆိုရှိခဲ့ရာ လက်ရှိကာလတွင် ထိုစာဆိုနှင့်ကိုက်ညီသူများရှိနေကြသည်။

လောဘ၊ ဒေါသ၊ မောဟ၏အဖျက်စွမ်းအားကြောင့် အများသူငါ ဆင်းရဲကြ၊ ပင်ပန်းကြသည်။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၏အဖျက်စွမ်းအားကြောင့် အများသူငါ၊ ချမ်းသာကြ၊ ငြိမ်းအေးကြသည်။ ကိုယ်၏လောဘ၊ ဒေါသ၊ မောဟကိုထိန်းချုပ်နိုင်လေလေ ပြဿနာနည်းလေ၊ ဒုက္ခနည်းလေ၊ လူသက်သာလေပင်။ လောဘ၊ ဒေါသ၊ မောဟကို ထိန်းချုပ်နိုင်သောနည်းလမ်းမှာ တွေ့ကြုံသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဟုခံယူပြီး ခန္တီတရားလက်ကိုင်ထားကာ မေတ္တာဘာဝနာပွားများနေကြရန်ပင်ဖြစ်သည်။

**"ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းအေးနိုင်ကြကုန်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင်၊ ရန်အေးကုန်နိုင်၏။ ဤသဘောကား၊ ရှေးရိုးစဉ်လာဓမ္မတာတည်း"**

**(ဓမ္မပဒ)**

**"ရှင်မဟာသီလဝံသစကားပုံ"**ထဲတွင် **"ရန်ကိုအောင်စေလိုသော် မေတ္တာ"**ဟု လမ်းညွှန်ထားရာ လိုက်နာကြသင့်သည်။

မြတ်ဗုဒ္ဓသက်ရှိထင်ရှားရှိခဲ့စဉ်က ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားတို့သည် လယ်ရေသွင်းမည့် ရောဟဏီမြစ်ရေကို အကြောင်းပြု၍ နှစ်ပြည်ထောင်မင်းတို့ စစ်ဆင်ဖို့ထိ အခြေအနေတင်းမာလာခဲ့ကြရာ ဗုဒ္ဓဘုရားရှင်က ဇာတ်တော်များနှင့်သာဓကဆောင်၍ ဟောကြားဆုံးမတော်မူခဲ့သည်။ ငါးရာငါးဆယ်ဇာတ်ဝတ္ထုလာ ဖန္ဒနဇာတ်တော်တွင် ဝက်ဝံတစ်ကောင်သည် ကြို့ပင်ကြီးတစ်ပင်အောက်၌ အိပ်ပျော်နေစဉ် ကြို့ကိုင်းခြောက်ကျိုးကျပြီး ဝက်ဝံ၏နောက်ကျောကုန်းကိုထိမှန်ခဲ့ရာ ဝက်ဝံက ကြို့ပင်စောင့်နတ်၏လက်ချက်ဟုထင်မှတ်လျက် ရန်ငြိုးထားခဲ့သည်။ ဝက်ဝံသည် ထိုရန်ငြိုးဖြင့် ရထားလုပ်မည့်လက်သမားများနှင့်တွေ့ဆုံခိုက် ရထားလုပ်ရန်အတွက် ကြို့ပင်သားသည် အခိုင်ခံ့ဆုံးဖြစ်ကြောင်း အကြံပေးခဲ့သည်။ ကြို့ပင်စောင့်နတ်ကလည်း တစ်ဖန်ပြန်လည်၍ ဝက်ဝံအကျိုးယုတ်စေရန် ရထားအကွပ်ကို သံပြားအစား ဝက်ဝံသားရေဖြင့်ရစ်ပတ်လျှင် ပိုမိုခိုင်ခံ့ကြောင်း လက်သမားများကို အကြံပြုခဲ့သည်။ လက်သမားများက ဝက်ဝံကိုသတ်ပြီး ကြို့ပင်ကိုခုတ်လှဲကာ ရထားလုပ်ခဲ့ကြသဖြင့် ရန်ငြိုးထားခဲ့ကြသော ဝက်ဝံက သေဆုံးခဲ့ရပြီး ကြို့ပင်စောင့်နတ်က ဘုံပျောက်ခဲ့ရသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၆၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၆၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၇၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၂၆၆၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တစ်မြို့နယ်လုံးအနေနဲ့ မိုးစပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြတာတွေ၊ ရွှေခရုကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးတာ၊ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်တွေ မှန်ကန်စေဖို့ဆောင်ရွက်ပေးတာတွေ စတဲ့နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် စပါးစိုက်ပျိုးရာသီမှာ အရည်အသွေးကောင်းတဲ့ ဈေးကွက်ဝင် စပါးအမျိုးအစားတွေကို အဓိကစိုက်ပျိုးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးများ ရာနှုန်းပြည့် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် ဌာနများက အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်ကာ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည့်အတွက် စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မွန်မြတ်မှုနဲ့ ရှင်သန်ခြင်း

\- လူ့ဘုံဘဝ ခဏလေးပါ
နေ့မြင်ညပျောက် သွေနှောက်ကံကြမ္မာ
မမြဲခြင်းသာ အုပ်ဖြာမိုး၏
သံသရာသည် လည်နေမည်
ကြောင်းမှီကျိုးဆက် ရှိသည်နှင့်လေး။

\- စိတ်ဝယ်အသိ သတိထပ်နှောင်
မွန်မြတ်ကောင်းခြင်း သန့်ရှင်းအကျင့်ဆောင်
တန်ဖိုးမြင့်အောင် လူ့ဘောင်စည်းကမ်း
မသွေမကွာ မြဲလိုက်နာ
သေချာရလဒ် ပြည့်လွှမ်းနိုင်ဘိလေး။

\- စွန့်လွှတ်လှူဒါန်း ဆင်မြန်းကုသိုလ်
အေးအေးမြမြ ဓမ္မတရားကို
သီကုံးမြဲလို ကိန်းခိုကောင်းကျိုး
နှလုံးဖြူစင် သည်းဘဝင်
အမြင်အတွေး ဖွံ့ဖြိုးနိုင်ဘိလေး။

\- ဆောင်ရွက်သယ်ပိုး ဆတိုးမြှင့်တင်
ပရဟိတ မြတ်လှအသင်းဝင်
ကူညီအစဉ် ပျော်ရွှင်ကြည်နူး
ပီတိလွှမ်းခြုံ ရွှေရင်အုံ
ပြည့်စုံအလှ ပွင့်ဖူးသည်နှင့်လေး။

\- မြတ်လှအထူး ကျေးဇူးဂုဏ်ဖော်
ချိန်ခါမနှောင်း ပြုကြောင်းကောင်းမှုတော်
ဦးချကော်ရော် ပူဇော်ခစား
မိဘဆရာ မင်္ဂလာ
ရင်မှာတန်ဖိုး တည်ထားသည်နှင့်လေး။

\- အမှန်တရားကောင်းစွာ နေပမာပြတော့အတည်။
\- ကံသမားအကြောင်းမှာ ဝေဖြာလှတော့သည်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

➤ စာမျက်နှာ ၄ မှအဆက်

လင္ဗူကိကဇာတ်တော်လာ အားကြီးသော ဆင်ရိုင်းကြီးတစ်ကောင်သည် တောင်းပန်နေသည့်ကြားမှ မညှာမတာ၊ ရက်စက်စွာဖြင့် နှံစုတ်ငှက်ငယ်မလေး၏သားငယ်လေးများကို ခြေထောက်ဖြင့် နင်းခြေသတ်ဖြတ်ပြီး ကျင်ငယ်ရေဖြင့် မျောပါသွားအောင် ရက်စက်ခဲ့သည်။ နှံစုတ်ငှက်ငယ်မလေးသည် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့နှင့် မိတ်ဆွေဖွဲ့အကူအညီတောင်းခံပြီး လက်စားချေခဲ့သည်။ ကျီးကန်းက ဆင်ရိုင်းကြီး၏မျက်လုံးအစုံကိုထိုးဖောက်ပေးခဲ့ပြီး ယင်မမဲရိုင်းက ထိုဒဏ်ရာရထားသောမျက်လုံးများထဲသို့ ပိုးလောက်လမ်းများကို ထည့်ပေးခဲ့သည်။ ဆင်ကန်းကြီးဖြစ်သွားသော ဆင်ရိုင်းကြီးရေငတ်၍ ရေကိုစမ်းတဝါးဝါးရှာဖွေနေစဉ် ဖားက တောင်ထိပ်မှ အော်သံပေးခဲ့သည်။ ဆင်ကန်းကြီးက ဖားအော်သံကြောင့် ရေရှိမည်အထင်နှင့် တောင်ထိပ်သို့တက်လာခဲ့သည်။ ဖားကတောင်ကမ်းပါးယံဘက်သို့ရွှေ့၍ အော်သံပေးခဲ့ရာ အသံကြားရာလိုက်ပါရင်း ဆင်ကန်းကြီး ကမ်းပါးယံမှလျှောကျကာ မရှုမလှ သေဆုံးသွားခဲ့ရသည်။

မြတ်ဗုဒ္ဓ၏ဟောပြောညွှန်ပြ တရားဓမ္မအနှစ်ချုပ်မှာ တန်ဖိုးနည်းပါးသောရေကြောင့် ပဋိပက္ခပြဿနာများဖြစ်ပွားရပုံ၊ ရန်ငြိုးထားခဲ့သောကြောင့် ဝက်ဝံသေဆုံးရပြီး ကြို့ပင်စောင့်နတ်၏ သစ်ပင်ဘုံဗိမာန်ပျက်စီးပုံ၊ အားကြီးသည်ကို အကြောင်းပြုကာ အနိုင်ကျင့်ခဲ့သဖြင့် ဆင်ရိုင်းကြီး သေကျေပျက်စီးရပုံတို့ကို ဆင်ခြင်သုံးသပ်သံဝေဂရစေနိုင်သည်။

၁၃၇၄ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက် (၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက် အင်္ဂါနေ့)က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီး၏ သာရဏီယဩဝါဒကထာကို တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူပြည်သူအပေါင်းထံသို့ ထုတ်လွှင့်ပေးခဲ့သည့်အပြင် ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။

**“နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး”**က မြန်မာနိုင်ငံ၏ရေမြေတွင် မွေးဖွားပြီး မြန်မာနိုင်ငံရေမြေတွင် ကြီးပွားကာ၊ မြန်မာနိုင်ငံ၏မြေမှာပင် ဘဝနိဂုံးအဆုံးသတ်ကြမည့် ပြည်သူ၊ ပြည်သား ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူအများတို့သည် မိမိတို့၏ စိတ်နှလုံးတွင် လောင်မြိုက်နေကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသည့် ငြိမ်းချမ်းရေးအသိတရား၊ မေတ္တာရေစင်ဖြင့် အတူတကွ၊ သွန်းလောင်းကြလျက်၊ တစ်ဦးကတစ်ဦးအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ကြပါစေကြောင်း ဆန္ဒလောင်းလျက် သာရဏီယဩဝါဒတရား ချီးမြှင့်လိုက်ပါသတည်း”ဟု သာရဏီယဩဝါဒကို နိဂုံးချုပ်လမ်းညွှန်ခဲ့သည်။

ဆရာတော်ကြီး၏ သာရဏီယဩဝါဒတရားသည် ငြိမ်းချမ်းရေးကို လမ်းညွှန်သည့် တရားဖြစ်သည့်အပြင် ဗြဟ္မစိုရ်တရားလေးပါးနှင့် အကျုံးဝင်နေသော မေတ္တာအခါတော်နေ့ မေတ္တာအခါတော်လနှင့်လည်း ဆက်စပ်ထပ်တူကျနေသဖြင့် ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်နေကြရသော တိုင်းရင်းသားပြည်သူများအနေဖြင့် မေတ္တာလက်နက်ကိုယ်စီဖြင့် ခုခံကာကွယ်အနိုင်ယူသွားကြစေချင်သည်။

**“နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး"**
**“မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး”**
**“အေးစေ မြစေ၊ မေတ္တာရေ၊ သုံးလေရပ်ရွာသုံး”**
**“မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး”**
**“မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး”**

**“ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်”**၏ အေးစေမြစေ၊ မေတ္တာရေဖြင့် လောဘမီး၊ ဒေါသမီး၊ မောဟမီးများကို ငြိမ်းသတ်နိုင်ကြပါစေ။

# နိုင်ငံတကာ သတင်းများ

## သမ္မတပူတင်နှင့် သမ္မတဒေါ်နယ်ထရမ့် လာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံဆွေးနွေးမည်

**မော်စကို ဩဂုတ် ၇**

လာမည့်ရက်ပိုင်းအတွင်း ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတပူတင်၏ နိုင်ငံခြားရေးမူဝါဒအကြံပေး ယူရီယူရှာကော့ဗ်က ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အတွက် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံး တွေ့ဆုံဆွေးနွေးပွဲ ဖြစ်လာလိမ့်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဝစ်ကော့ဗ်မော်စကိုမြို့သို့သွားရောက်ခဲ့ပြီး တစ်ရက်အကြာတွင် သမ္မတပူတင်နှင့် သမ္မတဒေါ်နယ်ထရမ့်တို့ တွေ့ဆုံဆွေးနွေးမည့်သတင်း ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရမ့်၏အထူးသံတမန် စတိဝစ်ကော့ဗ်သည် ဩဂုတ် ၆ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့သို့ရောက်ရှိခဲ့ပြီး ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

သမ္မတပူတင်နှင့် သမ္မတဒေါ်နယ်ထရမ့်တို့၏ ထိပ်သီးဆွေးနွေးပွဲကို လာမည့်ရက်ပိုင်းအတွင်း ကျင်းပနိုင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းစီစဉ်နေကြောင်း ယူရီယူရှာကော့ဗ်က ထုတ်ဖော်ပြောကြားထားသည်။

သမ္မတပူတင်နှင့် သမ္မတဒေါ်နယ်ထရမ့်တို့၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့်နေရာကို မကြေညာသေးသော်လည်း အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီးနိုင်ငံ)၌ ကျင်းပနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂါနာ၌ တပ်မတော်ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွား ကာကွယ်ရေးဝန်ကြီးအပါအဝင် ရှစ်ဦးသေဆုံး

**အက္ကရာ ဩဂုတ် ၇**

ဂါနာနိုင်ငံ၌ ဩဂုတ် ၆ ရက်က တပ်မတော်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ဂါနာကာကွယ်ရေးဝန်ကြီးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးအပါအဝင် လူပေါင်း ရှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်သည် အက္ကရာမြို့မှ အရှန်တီဒေသသို့ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ဦးတည်ပျံသန်းနေစဉ် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း ဂါနာတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် ကာကွယ်ရေးဝန်ကြီး အက်ဒွပ်အိုမာနီနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး အီဘရာဟမ်မာတာလာ အပါအဝင် လိုက်ပါသွားသူရှစ်ဦး စလုံးသေဆုံးခဲ့ရကြောင်း ဂါနာတပ်မတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ရဟတ်ယာဉ်ပျက်ကျရခြင်း နောက်ခံအကြောင်းရင်းကို ဂါနာတပ်မတော်က စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါရဟတ်ယာဉ်ပျက်ကျမှုသည် ဂါနာနိုင်ငံအတွက် ၁၀ နှစ်ကျော်ကြာကာလအတွင်း အဆိုးရွားဆုံးလေကြောင်းမတော်တဆမှုဖြစ်ခဲ့သည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ ဂါနာတပ်မတော်က သယ်ယူပို့ဆောင်ရေးနှင့် ဆေးကုသမှုအရေးပေါ်လုပ်ငန်းများအတွက် သုံးစွဲသည့် ဇက်-၉ အမျိုးအစား ရဟတ်ယာဉ် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



## မလေးရှားဘုရင်ဆူလ်တန်အီဘရာဟင် ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံ



**ကွာလာလမ်ပူ ဩဂုတ် ၇**

မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင်ဆူလီတန်အစ်ကန်းဒါးသည် ဩဂုတ် ၆ ရက်တွင် မော်စကိုမြို့၌ ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံအနေဖြင့်ရုရှားနိုင်ငံကို ကိုးစားယုံကြည်ရသည့် အရေးပါသောမိတ်ဖက်နိုင်ငံအဖြစ် မှတ်ယူထားကြောင်း ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် မလေးရှားဘုရင် ထုတ်ဖော်ပြောကြားခဲ့သည်။

မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင်သည် ရုရှားသမ္မတပူတင်၏ ဖိတ်ကြားချက်အရ ဩဂုတ် ၅ ရက်တွင် မော်စကိုမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သည် ရုရှားနှင့် မလေးရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးစတင်ခဲ့သည့် ၁၉၆၇ ခုနှစ်နောက်ပိုင်း မလေးရှားဘုရင်တစ်ဦး၏ ပထမဆုံးရုရှားခရီးစဉ်ဖြစ်သည်။

မလေးရှားနိုင်ငံသည် ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး အစောဆုံးထားရှိခဲ့သည့် အာဆီယံနိုင်ငံများထဲတွင် ပါဝင်ကြောင်း မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင်က ရုရှားသမ္မတနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင်၏ ရုရှားနိုင်ငံခရီးစဉ်သည် ဩဂုတ် ၁၀ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း မလေးရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua
Trs : KKO

## ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ်သွားရောက်မည်

**ဒေလီ ဩဂုတ် ၇**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ခုနစ်နှစ်ကျော်ကြာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရသတင်းအရင်းအမြစ်များက ဩဂုတ် ၆ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။



လာမည့် ဩဂုတ် ၃၁ ရက်တွင် စတင်ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ထိပ်သီးညီလာခံ တက်ရောက်ရန်အတွက်ဝန်ကြီးချုပ်မိုဒီအနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရ သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ကုန်သွယ်ရေးမူဝါဒများကြောင့် အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေး အခြေအနေ ဆိုးရွားလာချိန်တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် အိန္ဒိယဝန်ကြီးချုပ်က စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ်မိုဒီအတွက် ၂၀၁၈ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံး တရုတ်ခရီးစဉ်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွားဟိမဝန္တာနယ်စပ်တစ်နေရာ၌ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရသည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ရုရှားနိုင်ငံ၌ ဝန်ကြီးချုပ်မိုဒီနှင့် သမ္မတရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ်-အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အာဆီယံအဖွဲ့မှ လေ့လာစောင့်ကြည့်သူများကို နယ်စပ်အငြင်းပွားဒေသများ၌ စစ်ဆေးခွင့်ပေးရန် ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံသဘောတူ

**ကွာလာလမ်ပူ ဩဂုတ် ၇**

အာဆီယံအဖွဲ့မှ လေ့လာစောင့်ကြည့်သူများကို ပိုင်ဆိုင်ခွင့်အငြင်းပွား နယ်စပ်ဒေသများ၌ စစ်ဆေးကြည့်ရှုခွင့်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ထိန်းသိမ်းရာတွင် ပါဝင်ကူညီခွင့်များပေးရန် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က သဘောတူခဲ့ကြကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ယနေ့တွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ အဆင့်အစည်းအဝေး၌ ကမ္ဘောဒီးယားနှင့်ထိုင်းတို့က အဆိုပါအတိုင်း သဘောတူခဲ့ကြခြင်းဖြစ်သည်။

အာဆီယံအကဲခတ်အဖွဲ့တွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌အခြေစိုက်ထားသည့် အာဆီယံနိုင်ငံများမှ စစ်သံမှူးများပါဝင်မည်ဖြစ်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး နက်သာပွန်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားထားသည်။

အလားတူ လာမည့်ရက်သတ္တနှစ်ပတ်အတွင်း နှစ်နိုင်ငံဆွေးနွေးပွဲများ ထပ်မံကျင်းပရန်လည်း ယနေ့ဆွေးနွေးပွဲ၌ ထိုင်းနှင့် ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးများက သဘောတူခဲ့ကြသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပြီးခဲ့သည့်လအတွင်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ နှစ်ဖက်ပြည်သူ အနည်းဆုံး ၄၃ ဦးသေဆုံးခဲ့ရပြီး လူပေါင်း ၃၀၀၀၀၀ကျော် အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ငါးရက်ကြာ နယ်စပ်ပဋိပက္ခများကို ရပ်တန့်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက လကမ္ဘာပေါ်၌ ကီလိုဝပ် ၁၀၀ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်လုံးကို ၂၀၃၀ ပြည့်နှစ်တွင် တည်ဆောက်ရန် စီစဉ်ထား



**ဝါရှင်တန် ဩဂုတ် ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် လကမ္ဘာပေါ်၌ ကီလိုဝပ် ၁၀၀ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်လုံးကို ၂၀၃၀ ပြည့်နှစ်တွင် တည်ဆောက်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် လကမ္ဘာပေါ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု ထားရှိရန် ယခင်ကပင် ကြိုးစားခဲ့ပြီး ကီလိုဝပ် ၄၀ နျူကလီးယားဓာတ်ပေါင်းဖို တစ်လုံး ထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ ညွှန်ကြားချက်အရ နာဆာအဖွဲ့အနေဖြင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကီလိုဝပ် ၁၀၀ နျူကလီးယားဓာတ်ပေါင်းဖိုကို လပေါ်သို့ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာ၏ လပေါ်သို့လူသားများ ပြန်လည်စေလွှတ်ရေး အစီအစဉ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး ထားရှိရေးမှာလည်း အဓိက အစိတ်အပိုင်းအဖြစ် ပါဝင်လျက်ရှိကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်မစ်ရှင်များဖြင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် လပေါ်သို့လူသားများစေလွှတ်ရန်နှင့် အခြေစိုက်စခန်းများ တည်ဆောက်ရန်စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ကဲ့သို့ပင် တရုတ်နိုင်ငံသည်လည်း ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ လကမ္ဘာပေါ်၌ နျူကလီးယားဓာတ်ပေါင်းဖို ထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO


## ရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခု လှုပ်ခတ်ပြီးနောက် ရုရှားနိုင်ငံအရှေ့ဖျား ကမ်ချက်ကာကျွန်းဆွယ်ဒေသက ရုရှားကုန်းမကြီးနှင့် ခွာထွက်သွား

**မော်စကို ဩဂုတ် ၇**

ဇူလိုင် ၃၀ ရက်တွင် အင်အားရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံအရှေ့ဖျား ကမ်ချက်ကာကျွန်းဆွယ်ဒေသသည် ရုရှားကုန်းမကြီးနှင့် ခွာထွက်သွားကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

ဇူလိုင် ၃၀ ရက် မြေငလျင်သည် ရုရှား အရှေ့ဖျားဒေသအတွက် သမိုင်းတစ်လျှောက် ဆင့်မမြောက် အင်အားအပြင်းဆုံး မြေငလျင်ဖြစ်ပြီး ပစိဖိတ်ဒေသတစ်ဝန်း ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ရုရှားသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါမြေငလျင်ကြောင့် ကမ်ချက်ကာကျွန်းဆွယ်သည် ရုရှားကုန်းမကြီး၏ အရှေ့တောင်ဘက် ၆ ဒသမ ၅ ပေအကွာသို့ နေရာရွှေ့သွားကြောင်း သိရသည်။



ယူရေးရှန်း မြေအောက်ကျောက်လွှာရှင်နှင့် ပစိဖိတ်ကျောက်လွှာရှင် တစ်ခုနှင့်တစ်ခု ပွတ်ဆွဲဖြတ်ကျော်နေချိန်တွင် ပေါ်ထွက်လာသည့် ဖိအားကြောင့် ရုရှား ကုန်းမကြီးမှ ကမ်ချက်ကာကျွန်းဆွယ် ခွာထွက်သွားခြင်းဖြစ်ကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

မြေငလျင်များသည် မြေအောက် ကျောက်လွှာရှင်များ တစ်ခုနှင့်တစ်ခု ပွတ်တိုက်ရွေ့လျားချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

ကမ္ဘာကြီး၏ မြေအောက်ကျောက်လွှာရှင်များသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် သုည ဒသမ ၆ လက်မနှုန်းဖြင့် ရွေ့လျားနေတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ပလူတိုဂြိုဟ်သိမ်ပေါ်ရှိ ဥက္ကာချိုင့်ဝှမ်းက ရေခဲမီးတောင်ကြီး တစ်လုံးပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် ချိုင့်ဝှမ်းနယ်မြေဖြစ်နေ

**ဝါရှင်တန် ဩဂုတ် ၇**

ယခင်က ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းအဖြစ် မှတ်ထင်ခဲ့ကြသော ပလူတိုဂြိုဟ်သိမ်ပေါ်ရှိ ဥက္ကာချိုင့်ဝှမ်းသည် စင်စစ်အားဖြင့် ရေခဲမီးတောင်ကြီး တစ်လုံးပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် ချိုင့်ဝှမ်းနယ်မြေ ဖြစ်နေကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပလူတိုဂြိုဟ်သိမ် မျက်နှာပြင်ပေါ်ရှိ ကီလက်ဇီအမည်ရှိ ဥက္ကာချိုင့်ဝှမ်းမှာ ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပေါ်ထွက်လာခြင်းမဟုတ်ဘဲ ရေခဲမီးတောင်ကြီးတစ်လုံး ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် ချိုင့်ဝှမ်းနယ်မြေ ဖြစ်နိုင်ကြောင်း သိရသည်။

ဥက္ကာခဲ ကျရောက်မှုကြောင့် ပေါ်ထွက်ခဲ့သည့် ဥက္ကာချိုင့်ဝှမ်းများမှာ အနက်တိမ်သော်လည်း ကီလက်ဇီဥက္ကာချိုင့်ဝှမ်း၏ အနက်မှာ ပုံမှန်ထက် နက်ရှိုင်းသည်ဖြစ်ရာ ရေခဲမီးတောင်ကြီးတစ်လုံး ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် ချိုင့်ဝှမ်းနယ်မြေဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကီလက်ဇီ ချိုင့်ဝှမ်းသည် အချင်းအားဖြင့် ၁ ဒသမ ၇ မိုင်ရှိသော်လည်း အနက်မှာ ပျမ်းမျှ နှစ်မိုင်ထိရှိ၍ အချို့နေရာများ၌ ၂ ဒသမ ၅ မိုင်ထိ ရှိတတ်ကြောင်း သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## ညပိုင်းနှစ်ခြိုက်စွာ အိပ်မရနိုင်မှုပြဿနာက ရောဂါဘယ ၁၇၂ မျိုးနှင့်ဆက်စပ်နေနိုင်

**ပေကျင်း ဩဂုတ် ၇**

ညပိုင်းကာလ နှစ်ခြိုက်စွာ အိပ်မရနိုင်မှု ပြဿနာသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)၊ ပါကင်ဆန်နှင့် ဆီးချိုရောဂါ အပါအဝင် ရောဂါဘယ ၁၇၂ မျိုးနှင့် ဆက်စပ်နေကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အရွယ်ရောက်သူပေါင်း ၈၈၀၀၀ ကျော်တို့၏ အိပ်စက်မှုပုံစံများနှင့် ကျန်းမာရေးသတင်းအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အိပ်စက်မှုဆိုင်ရာ ပြဿနာများသည် ရောဂါဘယ ၁၇၂ မျိုး ဖြစ်ပွားနိုင်မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ထို့ပြင် အထက်ပါရောဂါ ၁၇၂ မျိုးအနက် အသည်းခြောက်ရောဂါ အပါအဝင် ၄၂ မျိုးဖြစ်နိုင်ခြေနှင့် အိပ်စက်မှုဆိုင်ရာ ပြဿနာများကြား ဆက်စပ်နိုင်ခြေမှာ အနည်းဆုံး ၅၀ ရာခိုင်နှုန်းထိရှိကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့အတူ ရောဂါဘယ ၁၇၂ မျိုးအနက် ပါကင်ဆန်နှင့်ပုံစံ-၂ ဆီးချိုအပါအဝင် ရောဂါ ၉၂ မျိုးဖြစ်နိုင်ခြေနှင့် အိပ်စက်မှုပြဿနာများကြား ဆက်စပ်မှုရှိနိုင်ခြေမှာ ၂၀ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။

အိပ်စက်နိုင်မှုဆိုင်ရာ ပြဿနာများသည် လူသားတို့၏ ကျန်းမာရေးအပေါ် ပုံစံအမျိုးမျိုးဖြင့် အကျိုးသက်ရောက်မှု ရှိနေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

## တောင်ကိုရီးယား သုတေသနပညာရှင်များက ကိုဗစ်ရောဂါအတွက် သောက်ဆေးတစ်မျိုးဖန်တီး

**ဆိုးလ် ဩဂုတ် ၇**

တောင်ကိုရီးယား သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါအတွက် CP-COV 03 သို့မဟုတ် Xafty အမည်ရှိ ဗိုင်းရပ်တိုက်ဖျက်ရေး သောက်ဆေးတစ်မျိုး ဖန်တီးနိုင်ခဲ့ကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

ပဏာမစမ်းသပ်မှု ရလဒ်များအရ CP-COV 03 သောက်ဆေးသည် ကိုဗစ်ရောဂါ၏ အဓိကရောဂါလက္ခဏာများကို ကုသပေးနိုင်သည်ကိုတွေ့ရကြောင်း တောင်ကိုရီးယား သုတေသန ပညာရှင်များက ပြောကြားသည်။

CP-COV 03 ဆေးကို ဟွန်ဒိုင်းဇီဝသိပ္ပံကုမ္ပဏီမှသုတေသနပညာရှင်များက ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်လူနာ ၃၀၀ တို့ဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ CP-COV 03 ဆေးသည် ကိုဗစ်၏ အဓိကလက္ခဏာများကို ကုသရာတွင် ထိရောက်မှုရှိကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

CP-COV 03 ဆေးသည် ကိုဗစ်၏ အဓိကရောဂါလက္ခဏာများကို ၄၈ နာရီအတွင်း ကုသပေးနိုင်ပြီး ပြင်းထန်သည့် ဘေးထွက်ဆိုးကျိုးများကိုလည်း မတွေ့ရကြောင်း လက်တွေ့စမ်းသပ်မှုရလဒ်များအရ သိရသည်။

တတိယအဆင့် လက်တွေ့စမ်းသပ်မှုများ အောင်မြင်ခဲ့ပါက CP-COV 03 ဆေးကို ၂၀၂၆ ခုနှစ်တွင် စတင်သုံးစွဲခွင့် ရဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဗန်ကူဗာအသင်းက သောမတ်မူလာကို ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

တိုရွန်တို ဩဂုတ် ၇

မေဂျာလိဂ်ကလပ် ဗန်ကူဗာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာသွားသည့် တိုက်စစ်မှူး သောမတ်မူလာကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကလပ်အသင်းအနေဖြင့် မေဂျာလိဂ်ပြိုင်ပွဲ ပထမရာသီဝက် ပြီးဆုံးချိန်တွင် ရမှတ် ၄၅ မှတ်ရရှိခဲ့ကာ အဆင့်(၂)နေရာတွင် ရပ်တည်နေသော်လည်း အဆင့်(၁)မှ ဆန်တီယေဂိုအသင်းနှင့် ရမှတ်တစ်မှတ်၊ အဆင့်(၃) မှ မင်နီဆိုတာအသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေပြီး ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသောကြောင့် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိလိုသည့်အတွက် အတွေ့အကြုံကောင်းများရှိသည့် တိုက်စစ်မှူး သောမတ်မူလာကို ယခုနှစ် ဘောလုံးရာသီကုန်ထိ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ကြောင်းသိရသည်။


အဆိုပါစာချုပ်တွင် ဗန်ကူဗာအသင်းက စာချုပ်ကုန်ဆုံးချိန်တွင် ကစားသမားကို တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိခဲ့သည်။

တိုက်စစ်မှူး သောမတ်မူလာကို ကနဦးက မေဂျာလိဂ်ကလပ် စင်စင်နာတီအသင်းက ခေါ်ယူရန် စတင် ကမ်းလှမ်းခဲ့သောကြောင့် ဗန်ကူဗာအသင်းအနေဖြင့် မေဂျာလိဂ်ပြိုင်ပွဲစည်းမျဉ်းအရ ကစားသမားတစ်ဦးကို အသင်းတစ်သင်းကခေါ်ယူရန် ဆွေးနွေးနေချိန်၌ အခြားအသင်းတစ်သင်းက ကမ်းလှမ်းခွင့်မရှိသဖြင့် စင်စင်နာတီအသင်းက ခေါ်ယူရန်ငြင်းဆိုချိန်မှသာ ကစားသမားအတွက် အပိုဆုကြေးအပါအဝင် ဒေါ်လာလေးသိန်းဖြင့်ခေါ်ယူရန် ဆွေးနွေးခဲ့ရာသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

သောမတ်မူလာသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၇၅၆ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၂၅၀ ထိ သွင်းယူနိုင်ခဲ့သည့်အပြင် အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဘောလုံးရာသီ ကုန်ဆုံးချိန်၌ အသင်းမှထွက်ခွာ၍ ဗန်ကူဗာအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်း လေ့ကျင့်ရေးကွင်းမှ ကစားသမားများ၏ စွမ်းဆောင်ရည်နှင့် နည်းစနစ်ပိုင်းတို့ကို စောင့်ကြည့်မှုပြုလုပ်ရန် တပ်ဆင်ထားသည့် စတာလင်ပေါင် ၃၀၀၀၀ တန်ကင်မရာပျောက်ဆုံးမှုကြောင့် အသင်းတာဝန်ရှိသူများက ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းတိုက်စစ်ပိုင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့သည့် ဂါစီယာကို ကာလရှည်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ကျောနံပါတ် ၉ ကို ဝတ်ဆင်ကစားခွင့်ပြုမည်ဖြစ်သည်။
- မန်ယူအသင်းက ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား ဘာလီဘာကို ခေါ်ယူရန် ကနဦးဆွေးနွေးမှုပြုလုပ်လျက်ရှိပြီး ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ထိ အသုံးပြုရဖွယ်ရှိသည်။

ML

## လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဟောင်းဘီတာဘီယက်ဖ် နီကိုလ်ဆန်နှင့် ထိုးသတ်မည်



မော်စကို ဩဂုတ် ၇

လိုက်ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဟောင်းဖြစ်သူ ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဖ်သည် လက်ရှိပြိုင်ဘက်ကင်းချန်ပီယံ ရုရှားနိုင်ငံသားဘီဗိုလ်နှင့် တတိယမြောက် မကျေပွဲစဉ်ထိုးသတ်သွားမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း အမေရိကန်နိုင်ငံသားနီကိုလ်ဆန်နှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘီတာဘီယက်ဖ်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပြိုင်ဘက်ကင်း ချန်ပီယံအတွက် ဘီဗိုလ်နှင့် ထိုးသတ်ခဲ့ရာ Majority Decision ဖြင့် ဘီတာဘီယက်ဖ်ကအနိုင်ရခဲ့ပြီး ပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာခဲ့သည်။

မကျေပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြန်လည်ထိုးသတ်ခဲ့ရာ၌ ဘီဗိုလ်က Majority Decision ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး ဘီဗိုလ်ကပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာခဲ့သည်။

၎င်းတို့အကြား တတိယမြောက် မကျေပွဲစဉ်အား ထိုးသတ်သွားရန် ဆွေးနွေးမှုများ ရှိခဲ့သော်လည်း ဘီဗိုလ်က တတိယမကျေပွဲစဉ်ထိုးသတ်သွားလိုခြင်းမရှိသောကြောင့် နီကိုလ်ဆန်ဖြင့် ထိုးသတ်သွားရန် လက်ခံခဲ့ခြင်းဖြစ်သည်။

ဘီတာဘီယက်ဖ်က "လာမဲ့ နိုဝင်ဘာလမှာ ရီယာ့ဒ်မြို့တွင် နီကိုလ်ဆန်နဲ့ ထိုးသတ်သွားဖို့ သဘောတူညီချက် ရရှိထားပါတယ်။ ဆော်ဒီမြေမှာ ထိုးသတ်သွားဖို့အတွက် လိုအပ်တဲ့ ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နီကိုလ်ဆန်သည် ရှုံးပွဲတစ်ပွဲသာရှိသေးသော်လည်း ကမ္ဘာ့အဆင့်ပြိုင်ဘက်ဖြင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံထိုးသတ်ခဲ့ဖူးခြင်း မရှိသေးဘဲ နီကိုလ်ဆန်အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အူဂိုချူကူနှင့် ဘရိုဂျာတို့ကို ရောင်းချမှုမှ စတာလင်ပေါင် ၄၅ သန်းရရှိကြောင်း ချဲလ်ဆီးနည်းပြ မာရက်စ်ကာပြောကြား

လန်ဒန် ဩဂုတ် ၇

ချဲလ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား အူဂိုချူကူနှင့် တိုက်စစ်မှူး ဘရိုဂျာတို့ကို ဘန်လေအသင်းသို့ ရောင်းချမှုမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းရရှိခဲ့ကြောင်း နည်းပြမာရက်စ်ကာက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဘရိုဂျာသည် အလားအလာကောင်းသည့်လူငယ်ကစားသမားတစ်ဦး ဖြစ်သော်လည်း ဒဏ်ရာမကြာခဏရရှိနေသဖြင့် ချဲလ်ဆီးအသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲလာခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အဲဗာတန်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ဘန်လေအသင်းသို့ အပြီးသတ်ရောင်းချခဲ့သည်။

ကွင်းလယ်ကစားသမား အူဂိုချူကူသည်လည်း ၂၀၂၃ ခုနှစ်က ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ ပြိုင်ပွဲစုံတွင် ၁၅ ပွဲသာ ပါဝင်ခဲ့ရသဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ဆောက်သမ်တန်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက် ကစားခဲ့ရပြီးနောက် ဘန်လေအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည်။

ချဲလ်ဆီးအသင်းအနေဖြင့် ဘန်လေအသင်းသို့ ကစားသမားနှစ်ဦး ရောင်းချခဲ့ရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းထိ ရရှိခဲ့ပြီး ပြီးခဲ့သည့်မေလက ခံစစ်ကစားသမားဘာရှီယာကို ရောင်းချမှုမှ စတာလင်ပေါင် ၁၄ သန်း ရရှိထားသဖြင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားသုံးဦးထိ ဘန်လေအသင်းသို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် လက်ရှိအပြောင်းအရွှေ့ ကာလတွင် အဓိက ကစားသမားများဖြစ်သည့် ဂိုးသမား ကီပါ၊ မာသီးယက်စ်၊ ဂိုးသမားပက်ထရိုဗစ်၊ တောင်ပံကစားသမား မက်ဒူခီ၊ တိုက်စစ်မှူး ဂျာအိုဖီးလစ်၊ ဒူဘူရီဟော၊ ဘရိုဂျာနှင့် အူဂိုချူကူတို့အပါအဝင် ကစားသမားရောင်းချမှုမှ စုစုပေါင်း စတာလင်ပေါင် သန်း ၂၀၀ ကျော်ထိရရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## မန်ယူအသင်းက လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုအားခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိ

မန်ချက်စတာ ဩဂုတ် ၇

မန်ယူအသင်းက နယူးကာဆယ်အသင်းနှင့်အတူ လိုက်ပ်ဇစ်အသင်းမှ တိုက်စစ်ကစားသမား ဆက်ကိုအား ခေါ်ယူရန်ကြိုးပမ်းခဲ့ရာမှ အသာစီးရရှိခဲ့ပြီး ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို ကြီးကြီးမားမားအပြောင်းအလဲ လုပ်ဆောင်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိ အပြောင်းအရွှေ့ ကာလအတွင်း အသင်းတိုက်စစ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲ လုပ်ဆောင်နေပြီး အစောပိုင်းက ဝုဗ်အသင်းမှ ကွန်ဟာ၊ ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုတို့ကို ခေါ်ယူခဲ့ပြီးနောက် ဆက်ကိုအားခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဆက်ကိုအား မန်ယူအသင်း မတိုင်မီက နယူးကာဆယ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက အသင်းမှ တိုက်စစ်ကစားသမား အစ်ဆက်ခ်အခြေအနေကို စောင့်ကြည့်ပြီး ကြိုးပမ်းနေချိန်တွင် မန်ယူအသင်းက အပြိုင်ကမ်းလှမ်းခဲ့ရာမှ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။




မန်ယူအသင်းက ဆက်ကိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၈၃ သန်းထိ ပေးချေရမည်ဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ပညာရေးသည် လူ့ဘဝတိုးတက်အောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာ အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက် ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း ပညာတတ်လူငယ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးကဏ္ဍတွင် ငွေကြေးမြောက်မြားစွာ ကျခံသုံးစွဲပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသည့် နိုင်ငံများသည် ပညာတတ်နိုင်ငံသားများ အမြောက်အမြားရှိနေသည့် နိုင်ငံများပင်ဖြစ်သည်။

**စနစ်တကျပြုစုပျိုးထောင်**

ပညာဆိုသည်မှာ လေ့လာသင်ယူအားထုတ်နိုင်မှုအပေါ်မူတည်၍ တတ်သိနားလည်မှု၊ ရပ်တည်နိုင်မှုတို့မှာလည်း ကွဲပြားသွားကြသည်။ ငယ်စဉ်ကတည်းက အတတ်ပညာတစ်ခုခုနှင့် အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို တစိုက်မတ်မတ်လေ့လာသင်ယူခဲ့သူများသည် စားဝတ်နေရေးအတွက် ပူပန်စရာမလိုတော့ဘဲ အေးချမ်းစွာဖြတ်သန်းနိုင်ကြသည်။

ပညာရေးသည် လူတစ်ဦးကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက် အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းက ပုံမှန်ပညာရေးကို စဉ်ဆက်မပြတ်သင်ယူခဲ့သော လူငယ်များသည် နေ့စဉ်လူနေမှုဘဝကို မကြောင့်မကြ မတောင့်မတဖြင့် ဖြတ်သန်းရလေ့ရှိကြသည်။ ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့် အတတ်ပညာရှိသူများသည် သူတစ်ပါးလိမ်လည် လှည့်ဖြားခံရမှု အလားအလာ နည်းပါးလျက်ရှိသည်။ အထူးသဖြင့် ပုံမှန်ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းသည် လူတစ်ဦး၏ဘဝ တိုးတက်ရေးအတွက် များစွာအခရာကျလျက်ရှိသည်။ ပညာတတ်လူငယ်များပြားသော တိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များကို အားကိုးအားထားရသည့် တတ်သိပညာရှင်များဖြစ်လာစေရန် ပညာရေးကို အားပေးလျက်ရှိသည်။

**အဆင့်မြင့်ပညာဆက်လက်သင်ယူရန်လို**

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ပြည်သူသုံးသန်းခန့်သည်သာ ဘွဲ့ရသူများဖြစ်ကြသည်။ ဘွဲ့ရနှင့်နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်း၊ ဒီပလိုမာရသူများ အားလုံးကို ပေါင်းပါမှသာလျှင် နိုင်ငံ့လူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာရှိသည်။ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းကြောင့် တိုင်းပြည်အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးရလျက်ရှိသည်။ ထို့ပြင် ပညာသင်ကြားမှုများ ပြီးဆုံးသည့်အရွယ်ဖြစ်သောအသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ ဒသမ ၁၇ သန်း ခန့်တွင် မူလတန်းနှင့် အလယ်တန်းပညာရေးအဆင့် သာရှိသူ ၇၀ ရာခိုင်နှုန်းခန့်ရှိနေရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအားလုံး အဆင့်မြင့်ပညာရေးကို မဖြစ်မနေပြီးမြောက်အောင် ဆက်လက်ကြိုးစားသင်ယူကြရန် လိုအပ်ပေသည်။

"အဆင့်မြင့်ပညာရပ်များကိုသင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခု ရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများပေါ်ပေါက်စေသည်။ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာတတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အဆင့်မြင့်ပညာများကို ထူးထူးချွန်ချွန် ထွန်းထွန်းပေါက်ပေါက် ပြီးမြောက်သည်ထိ သင်ယူခြင်းသည် နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝတိုးတက်မှုအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှုသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည် ဖြစ်သည့်အတွက် ပညာတတ်များ ပေါများစေရေး ၊ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။

**ပညာရေးသည်သာအခရာ**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအလယ်တွင် နောက်ကျကျန်ရစ်ခဲ့သည့် အကြောင်းရင်းများတွင် ပညာရေးအားနည်းမှုသည် အဓိကကျသောကဏ္ဍတစ်ခုဖြစ်သည်။ တိုင်းပြည်နှင့်လူထု၏ အနာဂတ်ကို ကောင်းမွန်အောင်တည်ဆောက်ရာတွင် ပညာရေးသည် အရေးအကြီးဆုံးကဏ္ဍဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးအားနည်းနေခြင်းသည် စီးပွားရေးကို ထိရောက်စွာလုပ်ဆောင်နိုင်မည့် လူသားအရင်းအမြစ် နည်းပါးနေသောကြောင့်ဖြစ်သည်။ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အသိဉာဏ်ပညာနှင့် အတတ်ပညာကျွမ်းကျင်သူများ ပေါများ ကြွယ်ဝခြင်းသည် ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအရင်းအမြစ်ပင်ဖြစ်သည်။ အတတ်ပညာ၊ အသိဉာဏ်ပညာများသည် အတန်းပညာကို အခြေခံ တည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ပညာရည်မြင့်မားမှုအချိုးတွင် ကျောင်းသားအရေအတွက်သည် ဆရာအရေအတွက်ထက် အဆများစွာပိုရမည်ဖြစ်သော်လည်း မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် လေ့လာသုံးသပ်ချက်အရ တက္ကသိုလ်၊ ကောလိပ်များတွင် ဆရာ၊ ဆရာမ ခန့်ထားတာဝန်ပေးထားမှုနှင့်နှိုင်းယှဉ်လျှင် တက်ရောက်သည့်ကျောင်းသားအရေအတွက် နည်းပါးနေသည်ကို တွေ့ရသဖြင့် နိုင်ငံတော်အတွက် နစ်နာမှုများစွာရှိနေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေအချိုးအစားနှင့် နှိုင်းယှဉ်လျှင် ကျောင်းတက်ရောက်နိုင်သည့် အချိုးအစားနည်းပါးလျက်ရှိသည်။ ရပ်ရွာများတည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်းနှင့် ဆင်းရဲမှုသည် ပညာရေးအတွက် အနုတ်လက္ခဏာများပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် တိုင်းပြည်စီးပွားရေး ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကောင်းမွန်လာစေရေးအတွက် အသိပညာ၊ အတတ်ပညာ မြင့်မားကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ နိုင်ငံ၏လူဦးရေအချိုးနှင့်အညီ မွေးထုတ်ပေးနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မျက်မှောက်ကာလ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် လူငယ်တိုင်း ပညာသင်ယူခွင့်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တို့ကြား တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ❖**

**ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လို**

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းနိုင်ရေး၊ ကျောင်းထွက်သူများလျော့နည်းပပျောက်ရေးတို့ကို အလေးအနက်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားပညာရေးအဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်နေချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများမှာ နည်းအမျိုးမျိုးနှင့် ခြိမ်းခြောက်ဟန့်တား အနှောင့်အယှက်ပေးကာ ကလေးသူငယ်အခွင့်အရေး၊ လူ့အခွင့်အရေးဖြစ်သည့် ပညာသင်ကြားပိုင်ခွင့်ကို ဆုံးရှုံးအောင်ပြုလုပ်လျက်ရှိသည်။

အမှန်တော့ငြိမ်းချမ်းစွာ ပညာသင်ယူခွင့် ရရှိခံစားနိုင်ရေးအတွက် အဓိကတာဝန်ယူ ဖော်ဆောင်ပေးနေသော ဆရာ၊ ဆရာမများ အပါအဝင် ကျောင်းသား၊ ကျောင်းသူများ၊ စာသင်ကျောင်းများကို နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေခြင်းတို့သည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် ပညာသင်ယူခွင့် အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

"နိုင်ငံသားများ၏မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး" အလေးအနက်အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိဆရာ၊ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည်။

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်း မြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် ဆင်းရဲသည့်နိုင်ငံများ စာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ ထိုသို့မျိုးဆက်သစ်များ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် သင့်တော်သည့် သင်ရိုးညွှန်းတမ်းများ၊ စနစ်တကျသင်ကြားပြသပို့ချပေးနိုင်မှုနှင့် စာမေးပွဲစနစ်များ ရှိနေရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ကလေးငယ်များ၏ တတ်မြောက်မှုအရည်အချင်းကို စမ်းသပ်စစ်ဆေးနိုင်ရန် အဆင့်မီသောမေးခွန်းများနှင့် ပုံမှန်စစ်ဆေးမှုများ မပျက်မကွက် ပြုလုပ်ပေးသွားရန်လည်း လိုအပ်ပေသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မျက်မှောက်ကာလ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် လူငယ်တိုင်း ပညာသင်ယူခွင့်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တို့ကြား တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

အလားတူ မိဘအုပ်ထိန်းသူများကလည်း မိမိသား၊ သမီးများ ပညာထူးချွန်ကာ လူတော်လူကောင်းများ ဖြစ်လာရေးအတွက် စနစ်တကျ မြေတောင်မြှောက်ပေးရန်လိုအပ်သည်။ မျိုးဆက်သစ်များ ပညာထူးချွန်ရေးအတွက် ကျွမ်းကျင်သော ဆရာ၊ ဆရာမများ လိုအပ်သလို သင်ထောက်ကူပစ္စည်းများလည်း လိုအပ်သည်။

စင်စစ်အားဖြင့် တိုးတက်သော နိုင်ငံတစ်နိုင်ငံကို ပညာအရည်အချင်း ပြည့်ဝသောမျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို ပိုမိုတိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်များ၏ပညာရေးကို အလေးထားသင့်ပေသည်။ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်မည့် မျိုးဆက်သစ် ပညာတတ်လူငယ်များပေါ်ထွန်းလာရေးအတွက် ကျောင်းသား၊ ဆရာ၊ မိဘများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၃-၇-၂၀၂၅ နှင့် ၂၈-၇-၂၀၂၅ ထုတ် မြန်မာ့အလင်းသတင်းစာ။

# ပေါင်းတည်မြို့နယ်တွင် ၁၂၈ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကို အစဉ်အလာမပျက် ကျင်းပသွားမည်



**ပေါင်းတည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ၁၂၈ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကို အစဉ်အလာမပျက် ကျင်းပသွားမည် ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ဗုဒ္ဓမြတ်စွယ်တော်ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအေးဝင်းကပြောပြ၍ သိရသည်။

ပေါင်းတည်မြို့နယ် သကျမုနိမိုဃ်းကောင်း ဘုရားကြီးတိုက် ဂန္ဓကုဋီ ရွှေတိုက်တော်အတွင်း ကိန်းဝပ်စံပယ် လျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်ကို နှစ်စဉ်အပူဇော်ခံမြဲဖြစ်သော တော်သလင်းလဆန်း ၁၃ ရက်မှ တော်သလင်းလဆန်း ၁၅ ရက် (စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၆ ရက်) ထိ သုံးရက်တိုင်တိုင်အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"တော်သလင်းလဆန်း ၁၄ ရက်နဲ့ တော်သလင်းလဆန်း ၁၅ရက်နေ့တွေမှာ သကျမုနိမိုဃ်းကောင်း ဘုရားကြီးတိုက်အတွင်းရှိ မြတ်စွယ်တော်တိုက်အတွင်းမှာ ကိန်းဝပ်စံပယ်နေတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ရတနာစိန်ကြုတ်တော် ဖွင့်လှစ်ပြီး မနက် ၈ နာရီမှ ညနေ ၄ နာရီထိ အပူဇော်ခံမှာဖြစ်ပါတယ်။ ရဟန်းရှင်လူပြည်သူတွေ ဖူးမြော်ကြည်ညိုနိုင်စေဖို့ရည်ရွယ်ပြီး မြို့ပေါ် ၁၂ ရပ်ကွက်မှာ လှည့်လည်အပူဇော်ခံမှာဖြစ်ပါတယ်"ဟု ပေါင်းတည်မြို့နယ် ဗုဒ္ဓမြတ်စွယ်တော်ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအေးဝင်းက ပြောပြသည်။

ပေါင်းတည်မြို့နယ်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ရှိ ဂေါတမဘုရားစွယ်တော် တစ်ဆူနှင့်အတူ ရင်ငွေ့လုံကာ အပူဇော်ခံခဲ့သည့် စွယ်တော်ပွားလည်း ဖြစ်ကာ မြတ်စွယ်တော် အပူဇော်ခံပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

ASH

# The Four Art Exhibition ပန်းချီပြပွဲကို ကျောက်တံတားမြို့နယ်ရှိ Kalasa Art Space Gallery တွင် ပြသမည်ဖြစ်

**ရန်ကုန် ဩဂုတ် ၇**

The Four Art Exhibition ပန်းချီပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Kalasa Art Space Gallery တွင် ဩဂုတ် ၉ ရက်မှ စတင်ကာ ဩဂုတ် ၁၇ ရက်ထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီအောင်မြင့်ထံမှ သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီ အောင်မြင့်၊ လင်းဝဏ္ဏ၊ သူရိန်၊ ထူးအောင်ကျော်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် ရေးဆွဲထားသည့် အကြောင်းအရာစုံ ပန်းချီကား ၇၀ ကျော်ကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Kalasa Art Space Gallery မှာ The Four လို့ အမည်ပေးထားတဲ့ Art Exhibition ပန်းချီပြပွဲကို ပြသသွားမှာဖြစ်ပါတယ်။ ဒီပြပွဲကတော့ ကျွန်တော်တို့ရဲ့ မတူညီတဲ့ အမျိုးအစား၊ ရေးဟန်တွေကို ဩဂုတ် ၉ ရက်ကနေ စတင်ပြီး ဩဂုတ် ၁၇ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှု အားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်" ဟု ပန်းချီ အောင်မြင့်က ပြောပြသည်။




၎င်းပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ(၃၆ x၂၄)လက်မ၊ (၂၄x၂၄ ) လက်မ၊(၁၈x၂၄)လက်မ၊(၁၈x ၁၈) လက်မ စသည်ဖြင့်အရွယ်အစားစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

Love +2 ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ဩဂုတ် ၆ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မင်းဆက်သစ်က ရေးသားထားကာ အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားပေးထားပြီး ဒါရိုက်တာ မင်းဆက်သစ်က Love +2 ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ပရိသတ်အကြိုက်တွေ့စေမဲ့ ရိုမန့်ဒရာမာဇာတ်လမ်းပုံစံမျိုးပါ။ ကိုနေဝင်းနဲ့ မေမီတို့ရဲ့ တွဲဖက်ရိုက်ကူးနေကျမဟုတ်တဲ့ပုံစံနဲ့ ပရိသတ်တွေ သဘောကျဖို့ ဖန်တီးရိုက်ကူးဖြစ်တာပါ"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ဖြိုးရာဇာနိုင်၊ ဇော်ဝင်းနိုင်၊ ဒေါင်းဝေ၊ မေမီကိုကို၊ မယ်လိုဒီ၊ သင်းသဲဗို၊ ငွမ်းပုံကြီးနှင့်အခြားအနုပညာရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Amazon MGM ၏ Artificial ဇာတ်ကား၌ မင်းသမီး ဘီလီလော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် ဩဂုတ် ၇**

Amazon MGM စတူဒီယို၏ Artificial ဇာတ်ကား၌ မင်းသမီး ဘီလီလော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

Artificial ဇာတ်ကားတွင် မင်းသမီး ဘီလီလော့သည် မင်းသား အင်ဒရူးဂါဖီး၊ ယူရာဘောရစ်ဆော့၊ ကူးပါးဟော့မင်း၊ မင်းသမီး မိုနီကာဘာဘာရိုတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Amazon MGM စတူဒီယိုသည် Artificial ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်သည်။

သို့ရာတွင် Artificial ဇာတ်ကားသည် ဉာဏ်ရည်တုနည်းပညာ (အေအိုင်) လောကကို နောက်ခံထား၍ ရိုက်ကူးမည့်ဟာသဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ လူကာဂွါဒါနီနိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဆိုင်မွန်ရစ်က ရေးသားပေးထားသည်။

Artificial ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Possible Love ဇာတ်ကားကို ဒါရိုက်တာ လီချန်ဒေါင်းက ရိုက်ကူးမည်

**နယူးယောက် ဩဂုတ် ၇**

Possible Love အမည်ရှိ ဒရာမာဇာတ်ကားကို တောင်ကိုရီးယားဒါရိုက်တာ လီချန်ဒေါင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ လီချန်ဒေါင်းသည် အနုပညာလုပ်ငန်းများကို ရှစ်နှစ်ကြာရပ်နားထားပြီးနောက် Possible Love ဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

Possible Love ဇာတ်ကားတွင် တောင်ကိုရီးယား မင်းသမီး ဂျောင်ဒိုယွန်း၊ မင်းသား ဆူကျောင်းဂူတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဂျောင်ဒိုယွန်းနှင့် ဆူကျောင်းဂူတို့သည် ဒါရိုက်တာ လီချန်ဒေါင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည့် အနုပညာရှင်များဖြစ်ကြသည်။

Possible Love ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ လီချန်ဒေါင်းက ဇာတ်ညွှန်းရေးဆရာ အိုဂျန်မီနှင့်ပူးတွဲရေးသားထားသည်။

လက်ရှိတွင် Possible Love ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Message from Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, Chairman of the State Security and Peace Commission, the Republic of the Union of Myanmar on the Occasion of the 58th Anniversary of the Association of Southeast Asian Nations 8 August 2025

**Esteemed Citizens of Myanmar and the Peoples of ASEAN,**

On the auspicious occasion of the 58th Anniversary of the Association of Southeast Asian Nations (ASEAN), I extend my heartfelt greetings and best wishes to all citizens of Myanmar and the peoples across ASEAN Member States, as we commemorate the 58th anniversary of our shared journey toward peace, prosperity, and regional unity. I wish all our peoples continued peace, development, and prosperity in the years ahead.

Since its inception in 1967, ASEAN has remained steadfast in its mission to promote regional peace, stability, development, and shared prosperity. With our combined efforts, wisdom and vision of the Member States, ASEAN has grown into a robust regional community promoting peace, stability, and prosperity. Myanmar is proud of being an integral part of this journey and steadfast in upholding the ASEAN Charter, recognizing its vital role in ensuring that our collective vision for a peaceful and prosperous Southeast Asia.

ASEAN was established in 1967 by Indonesia, Malaysia, the Philippines, Singapore, and Thailand. Brunei Darussalam joined in 1984, followed by Vietnam in 1995, Myanmar and Laos in 1997, and Cambodia in 1999. This remarkable journey reflects the collective path undertaken by ASEAN member states, and we recall with honour and record with appreciation that, through our joint efforts, we all have driven ASEAN's growth and accomplishments across political, economic, and socio-cultural dimensions.

As ASEAN commemorates its 58thanniversary, it has transformed Southeast Asia from a region once marked by conflict and division into one of cooperation, peace, and growing prosperity. Key milestones in ASEAN's history include the establishment of the ASEAN Community in 2015, built on political-security, economic and socio-cultural pillars in the region. ASEAN has taken a leading role in fostering dialogue, security cooperation, and regional integration through key forums such as ASEAN Regional Forum (ARF), East Asia Summit (EAS), ADMM-Plus. Additionally, it is with a matter of satisfaction to note that the implementation of the ASEAN Community Vision 2025 is in good progress.

The year 2025 marks a pivotal moment for ASEAN Community Vision 2025— a time to review achievements, recalibrate priorities, and chart a comprehensive strategy to achieve the goals of the ASEAN Community Vision 2045 - “Resilient, Innovative, Dynamic, and People-Centered ASEAN”. It serves as a launchpad for ASEAN to reaffirm its commitment to unity, sustainable development, economic dynamism, and regional peace— ensuring that by 2045, ASEAN is a globally respected and thriving community.

The Association must be competitive, robust, responsive, and well-connected in the face of fast changing geo-politics and the world economic trends. With this backdrop, it is obvious that the theme of the 2025 ASEAN Chairmanship “Inclusivity and Sustainability”, resonates well with our shared commitment to regional peace, security, stability, and development. In order to strengthen ASEAN's crucial role in engineering the regional security architecture, we must work together to consolidate ASEAN's centrality and unity.

Our unity, anchored in the ASEAN Charter — which enshrines territorial integrity, national sovereignty, non-interference, peaceful resolution of disputes, good governance, and multilateral cooperation— remains ASEAN’s guiding beacon. In the face of complex regional and global challenges— geopolitical shifts, economic disruptions, and climate-related crises— ASEAN has shown adaptability and resilience by collectively charting pathways forward.

Today, we reaffirm our commitment to the Charter’s principles, and the Treaty of Amity and Cooperation — the core instrument in its relations with the Dialogue Partners. Myanmar stands firm in its commitment to ASEAN’s unity and centrality, guided by the principles and aspirations of the ASEAN Charter. Despite the diverse political, cultural, and economic landscapes of our Member States, ASEAN’s strength lies in our ability to work together in unison while respecting each nation’s sovereignty.

The principle of non-interference, as outlined in the ASEAN Charter, ensures that we address regional challenges without external imposition, preserving the integrity of our collective decision-making of consensus. Myanmar stands firmly with ASEAN in rejecting any form of external interference.

**Esteemed Citizens of Myanmar and the Peoples of ASEAN,**

As we commemorate the 58thAnniversary of ASEAN, let us reaffirm our commitments to the ideals of unity in diversity, collective resilience, and shared prosperity. Let us celebrate this year’s Anniversary of ASEAN not only with pride in our past achievements, but also with collective resolve to safeguard peace, foster prosperity, and nurture the cultural richness of our region.

I wish all our peoples across the ASEAN Member States continued success, peace and prosperity in the years ahead. May the enduring spirit of ASEAN continue to live collectively in the hearts of our peoples.

# Putin, Trump meeting set for coming days with venue agreed: Kremlin

**Moscow August 7**

Russia and the United States have reached an agreement on a meeting between the two countries' presidents in the coming days, Russian presidential aide Yury Ushakov said on Thursday.

"At the proposal of the American side, an agreement was in principle reached to hold a bilateral high-level meeting in the coming days -- namely, a meeting between President Vladimir Putin and Donald Trump," he said. As Ushakov specified, Russian authorities have now launched concrete preparations in coordination with their American counterparts.

The venue for the heads of state's meeting has also been agreed upon and will be announced at a later date, the Kremlin representative added.

The New York Times previously reported that Trump intends to meet in person with Putin as early as next week, with plans to follow shortly afterward with a trilateral meeting involving Ukrainian President Volodymyr Zelensky.

During a call with European leaders on Wednesday, Trump reportedly said the meetings would include only himself, Putin and Zelensky, excluding any European counterparts.

"Regarding the possibility of a trilateral meeting, which was somehow discussed in Washington yesterday, was merely mentioned by the American representative during the Kremlin talks," Ushakov said. "However, it was not specifically deliberated, and the Russian side has left this proposal entirely without comment."

"First and foremost, we propose focusing on preparations for the bilateral meeting with President Trump, and we believe the key priority is to ensure this meeting is successful and productive," he said.

Xinhua

# Cambodia, Thailand sign agreement to cement ceasefire

**Kuala Lumpur August 7**

Cambodia and Thailand on Thursday signed an agreement on ceasefire arrangements, representatives of the two countries said after an extraordinary General Border Committee (GBC) meeting held in the Malaysian capital.

According to the Cambodian side, the two countries held detailed discussions on ceasefire arrangements, and agreed to establish a regional monitoring mechanism, restore mutual trust, and that captured soldiers could be treated under the international humanitarian law.

The Thai side said that the two countries arrived at an agreement, and agreed to maintain communication and resolve issues through a bilateral mechanism, and ASEAN members will be allowed to monitor the ceasefire.

In addition, the two sides agreed that the next extraordinary GBC meeting will be held within a month.

Xinhua

# Over 6,000 acres of sunflower planted in Sagaing Township



A sunflower plantation in Sagaing Township.

**Sagaing August 7**

More than 6,000 acres of sunflower has been planted in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

During the 2025-2026 monsoon cropping season, a total of 12,366 acres of sunflower was planned for cultivation in Sagaing Township. Planting began in June this year, and as of today, 6,138 acres have already been cultivated.

"For this year's monsoon season in Sagaing Township, we planned to cultivate over 10,000 acres of sunflower. So far, more than 6,000 acres have been planted, and cultivation is ongoing. Efforts are being made to meet the full targeted acreage. We are expanding sunflower cultivation—an oil crop—in order to reduce reliance on imported palm oil. Among oil crops, sunflower yields more oil per acre than groundnut and sesame. Sunflower is only grown during the cool season," said U Myo Thant Aung, Head of the Department of Agriculture for Sagaing Township.

To expand sunflower cultivation in Sagaing Township, the respective Township Department of Agriculture has been accelerating training programs and intensifying education efforts for both staff and farmers to improve performance and technical knowledge.

This year, sunflower farmers in Sagaing Township are receiving seed support, and arrangements are in place to provide fertilizers such as urea at subsidized prices. Moreover, harvested sunflower varieties are being distributed through farmer-to-farmer exchange systems.

206

# YeU District finishes cultivation of more than 30,000 acres of rainfed sesame this year

**YeU August 7**

Statistics of YeU District Agriculture Department of Sagaing Region stated that local farmers planted 31,489 acres of rainfed sesame in the district this year.

Local authorities earmarked cultivation of 30,575 acres of rainfed sesame in YeU District. So, YeU Township planted 2,683 acres of sesame, Taze Township 495 acres and Dabayin Township 28,311 acres, totalling 31,489 acres.

"For this year's monsoon season, we had planned to grow 30,575 acres of rainfed sesame in YeU District. As of today, 31,489 acres have been cultivated—surpassing the original target. We are also working to expand sesame cultivation, improve yields, and promote planting using GAP (Good Agricultural Practices) methods," said U Zaw Myint Tun, Head of the Department of Agriculture for YeU District.

According to township-level projections for rainfed sesame cultivation this season in YeU District, the plan included 3,211 acres in YeU Township, 495 acres in Taze Township, and 26,869 acres in Dabayin Township, totaling the targeted 30,575 acres.

This year, farmers growing rainfed sesame in YeU District will receive awareness programs from their respective Township Departments of Agriculture, focusing on sesame cultivation expansion, improved farming techniques, GAP practices, the use of quality and pure seeds, and varieties that ensure higher yields.

Crops produced under the GAP system are known to be of higher quality than those grown using conventional methods. They also command better prices in the market and have the advantage of being exportable—not only to domestic markets but also internationally. As such, farmers using the GAP system stand to benefit economically, with improvements to their overall livelihoods and socio-economic well-being.

206



A monsoon sesame plantation.

# Pro Tem President U Myint Swe passes away

**Nay Pyi Taw August 7**

The Pro Tem President of the Republic of the Union of Myanmar, U Myint Swe, passed away at No (2) Defence Services General Hospital (1,000-bed) at 8:28 am today. It has been announced that his funeral will be held with State honours.

**Information Team**
**National Defence and Security Council**

# Declaration of National Mourning Period

**Nay Pyi Taw August 7**

Pro Tem President of the Republic of the Union of Myanmar, U Myint Swe, passed away at No (2) Defence Services General Hospital (1,000-bed) at 8.28 am today, and his funeral will be held with State honours.

As such, it is hereby announced that the period from 7 to 11 August 2025 has been designated as a national mourning period. During this time, guidance has been issued to lower all national flags of the Republic of the Union of Myanmar at half-mast.

**Information Team**
**National Defence and Security Council**

# Expression of condolence

**Nay Pyi Taw August 7**

It is officially recorded with sorrow that the Pro Tem President of the Republic of the Union of Myanmar, U Myint Swe, passed away at No (2) Defence Services General Hospital (1,000-bed) at 8.28 am today.

**State Security and Peace Commission**

# Expression of Condolence

**Nay Pyi Taw August 7**

It is with deep sorrow that we recorded the demise of the Pro Tem President of the Republic of the Union of Myanmar, U Myint Swe, who passed away at No (2) Defence Services General Hospital (1,000-bed) at 8:28 am today.

**National Defence and Security Council**

# Expression of condolence

**Nay Pyi Taw August 7**

It is hereby recorded with sorrow that the Pro Tem President of the Republic of the Union of Myanmar, U Myint Swe, passed away at No (2) Defence Services General Hospital (1,000-bed) at 8.28 am today.


**Government of the Republic of the Union of Myanmar**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက ပြည်တွင်းထုတ် Siper တာဝေးပစ်ဒုံးကျည်ကို အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးတွင် အသုံးပြုသွားမည်




တူကီယဲနိုင်ငံ ပြည်တွင်းထုတ် Siper တာဝေးပစ်ဒုံးကျည်ကို အလွှာပေါင်းစုံ "Steel Dome" လေကြောင်း ရန်ကာကွယ်ရေးတွင် အသုံးပြုသွားမည်ဖြစ်ကာ အမှတ်စဉ်လိုက် ထုတ်လုပ်ထားသည့် ဒုံးကျည်များကို တူကီယဲတပ်မတော်ထံ လွှဲပြောင်းလက်ခံနိုင်ရေး စမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့် Siper ပရောဂျက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အဆိုပါ Siper ဒုံးကျည်သည် တိုက်လေယာဉ်များ၊ ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများကဲ့သို့ လေကြောင်း ပစ်မှတ်များကို ကီလိုမီတာ ၁၅၀ (၉၃ မိုင်)ထိ ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

တူကီယဲနိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီ Aselsan ၊ Roketsan ကုမ္ပဏီများနှင့် တူကီယဲသိပ္ပံနှင့်နည်းပညာ သုတေသနအဖွဲ့အစည်း(TUBITAK)တို့မှ တီထွင်ထုတ်လုပ်ထားသည့် Siper ဒုံးကျည် တွင် K-Band ရေဒီယိုလှိုင်းနှုန်းအာရုံခံကိရိယာ တပ်ဆင်အသုံးပြုထားသည်။ " Siper ဒုံးကျည်စနစ်သည် လွှဲပြောင်း လက်ခံစမ်းသပ်မှုများ (acceptance test)အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်တော့မည်ဖြစ်သည်"ဟု ကာကွယ်ရေးစက်မှုအေဂျင်စီဥက္ကဋ္ဌ Haluk Gorgun က တူကီယဲနိုင်ငံပိုင် NeXT Sosyal လူမှုကွန်ရက်မီဒီယာတွင် ကြေညာခဲ့သည်။ ဤသို့ဒုံးကျည်ကို အမှတ်စဉ်လိုက် ထုတ်လုပ်မှုအတွက် လွှဲပြောင်းလက်ခံစမ်းသပ်မှုများ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ခြင်းသည် တူကီယဲနိုင်ငံ အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက် ဖွဲ့စည်းမှုတွင် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်သည်။

လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို တန်ပြန်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် တူကီယဲနိုင်ငံ၏ Steel Dome အလွှာစုံ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် တာနီးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ၃၅ မမ Korkut လေယာဉ်ပစ်အမြောက်အပြင် တာတို၊ တာလတ်ပစ်လက်နက်စနစ်များအဖြစ် Hisar-A နှင့် Hisar-O လက်နက်စနစ်များလည်း ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

ကွန်ရက်ချိတ်ဆက်၍ အပြန်အလှန်လုပ်ဆောင်နိုင်စွမ်းရှိပြီး ဉာဏ်ရည်တုနည်းပညာပံ့ပိုးပေးထားသော အဆိုပါ အလွှာစုံကာကွယ်ရေးဒိုင်း၏ အခြားအစိတ်အပိုင်းများတွင် ERALP တာဝေးကြိုတင်သတိပေးထောက်လှမ်းရေးရေဒါ၊ ယာဉ်တင် MAR ရေဒါနှင့် AKR ပစ်ခတ်ထိန်းချုပ်မှုရေဒါတို့ကဲ့သို့ ပြည်တွင်းထုတ်ရေဒါစနစ်များလည်း ပါဝင်ဖွဲ့စည်းထားသည်။ ထို့ပြင် ဂြိုဟ်တုတည်နေရာပြစနစ် Kasifi KKS အင်တင်နာ၊ Atlas inertial တိုင်းတာခြင်းစနစ်တို့ကဲ့သို့ နောက်ထပ်စနစ်အစိတ်အပိုင်းများလည်း ပါဝင်လာမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တူကီယဲတပ်မတော်သည် Steel Dome ပရောဂျက်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများ ပံ့ပိုးပေးရန် Cloud Computing စနစ်စီမံကိန်းကိုပါ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Turkey's Siper Long-Range Missile Completes Serial Production Testing** ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှားက ဒရုန်းတိုက်ခိုက်မှုများကို ကာကွယ်ရန် Typhoon-PVO လေကြောင်းရန်ကာကွယ်ရေးယာဉ် အမြောက်အမြားထုတ်လုပ်

ရုရှားနိုင်ငံသည် ဒရုန်းတိုက်ခိုက်မှုများကိုကာကွယ်ရန် Typhoon-PVO လေကြောင်းရန် ကာကွယ်ရေးယာဉ်ကို နိုင်ငံတော်အဆင့် အရည်အချင်းစစ်စမ်းသပ်မှုများပြီးစီးပြီးနောက် တရားဝင် အမြောက်အမြား ထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသတင်းကို ရုရှားနိုင်ငံပိုင် Almaz-Antey လေကြောင်းနှင့် အာကာသ ကာကွယ်ရေးကုမ္ပဏီအောက်ရှိ Izhevsk Electromechanical Plant "Kupol" စက်ရုံ၏ အထွေထွေညွှန်ကြားရေးမှူး Fanil Ziyatdinov က အတည်ပြုခဲ့သည်။

Typhoon-PVO တိုက်ယာဉ်ကို Kam AZ-4386 ယာဉ်ကိုယ်ထည်ပေါ်တွင် အခြေခံ၍ ပခုံးထမ်းဒုံးကျည် (MANPAD) အဖွဲ့များအတွက် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ယာဉ်ကိုယ်ထည်ကို ရွေးချယ်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်လျှော့ချနိုင်ပြီး ပံ့ပိုးပို့ဆောင်ရေးကို လွယ်ကူချောမွေ့စေသည်။ ၎င်းယာဉ်သည် လေကြောင်းရန် ကာကွယ်ရေးလုပ်ငန်းများအတွက် သင့်လျော်မှုမရှိသော ယခင်ကအသုံးပြုခဲ့သည့် KamAZ နှင့် Ural ထရပ်ကားများ သို့မဟုတ် ခြေလျင်တပ်တိုက်ခိုက်ရေး ယာဉ်များအပေါ် အခြေခံသည့် လက်နက်စနစ်များကို အစားထိုးအသုံးပြုနိုင်မည်ဖြစ်သည်။

Typhoon-PVO ယာဉ်သည် တပ်မှူး၊ ယာဉ်မောင်း၊ စက်သေနတ်သမားနှင့် MANPADS အော်ပရေတာနှစ်ဦးအပါအဝင် အဖွဲ့ဝင်ငါးဦးကို လိုက်ပါစီးနင်းနိုင်သည်။ အတွင်းပိုင်းဖွဲ့စည်းပုံတွင် ပစ်ခတ်ရန်အတွက် သယ်ယူရလွယ်ကူသော ဒုံးကျည်ကိုးစင်း၊ interrogator ရေဒါကိရိယာသုံးစုံ၊ ဓာတ်အားပေးယူနစ်ကိုးခုနှင့် စက်သေနတ်အတွက် ခဲယမ်းများထည့်သွင်းရန်နေရာများ ပါဝင်ဖွဲ့စည်းထားသည်။ ဤယာဉ်ကို ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော Clear Sky ပြိုင်ပွဲနှင့် Army-2020 ပြပွဲများတွင် အများပြည်သူရှေ့မှောက်၌ ထုတ်ဖော်ပြသခဲ့သည်။

Typhoon-PVO တိုက်ယာဉ်တွင် Verba ပခုံးထမ်းဒုံးကျည်စနစ်ကို အသုံးပြုထားသည်။ Verba စနစ်သည် 9M336 ဒုံးကျည်ကို အသုံးပြုထားပြီး၊ ခရမ်းလွန်ရောင်ခြည်၊ အနီအောက်ရောင်ခြည်လှိုင်းတိုနှင့် လှိုင်းလတ်တို့တွင်လည်ပတ်နိုင်သည့် သုံးမျိုးစပ် ပစ်မှတ်အာရုံခံထိပ်ဖူး တပ်ဆင်ထားသည်။ ၎င်းသည် ရဟတ်ယာဉ်နှင့် ခရုဇ်ဒုံးကျည်များကဲ့သို့ ရှာဖွေရခက်ခဲသောပစ်မှတ်များကို အလွယ်တကူရှာဖွေသိရှိနိုင်ပြီး ပစ်မှတ်ခွဲခြားသိမြင်နိုင်စွမ်း မြင့်မားကောင်းမွန်သည်။ Verba စနစ်သည် Barnaul-T ကွပ်ကဲကြီးကြပ်မှုစနစ်နှင့်တွဲဖက်အသုံးပြုနိုင်ပြီး၊ ရန်သူ မိတ်ဆွေခွဲခြားရေးစနစ်ပါဝင်ကာ ပြင်ပမှပစ်မှတ်လမ်းညွှန်ချက်များကိုလည်း လက်ခံရရှိနိုင်မည်ဖြစ်သည်။ ၎င်း၏အာရုံခံကိရိယာများသည် အပူငွေ့ထုတ် ထောင်ချောက်ပစ်မှတ်များနှင့် အမှန်တကယ် ပစ်မှတ်များကို ခွဲခြားသိရှိနိုင်ရန် စစ်ဆေးပေးသည်။



ယာဉ်တွင် ၁၂ ဒသမ ၇ မီလီမီတာ Kord စက်သေနတ်တပ် လှည့်ပတ်နိုင်သော ဆုံလည်တစ်ခုပါရှိသည်။ အလျင်နှုန်း တစ်နာရီလျှင် ၂၀ ကီလိုမီတာဖြင့် ရွေ့လျားနေသောပစ်မှတ်များကို တိုက်ခိုက်နိုင်သည်။ Kord စက်သေနတ်ကို အထူးသဖြင့် လေကြောင်းပစ်မှတ်များကို တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားပြီး၊ အသေးစား ဒရုန်းခြိမ်းခြောက်မှုကို တုံ့ပြန်ရန်ရည်ရွယ်သည်။ သေနတ်သမားနှင့် MANPADS ဒုံးကျည်ပစ်ခတ်သူတို့သည် သံချပ်ကာအခန်းအတွင်းမှ အပြင်ထွက်စရာမလိုဘဲ ပစ်မှတ်များအား တိုက်ခိုက်နိုင်ရန် ယာဉ်ခေါင်မိုးပေါ်တွင် အဖွင့်အပိတ်ပြုလုပ်နိုင်သော အပေါက်နှစ်ခု တပ်ဆင်ပေးထားသည်။

ယာဉ်၏သံချပ်ကာအဆင့်အတန်းမှာ STANAG 4569 Level 4 ဖြစ်ပြီး၊ ၁၄ ဒသမ ၅ မီလီမီတာ ကျည်များထိ ခံနိုင်ရည်ရှိသည်။ မိုင်းဒဏ်ခံနိုင်မှုအနေဖြင့် Level 3b စံနှုန်းအရ TNT ရှစ်ကီလိုဂရမ်နှင့် ညီမျှသော ပေါက်ကွဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည်။ ယာဉ်ကိုယ်ထည်တွင် ၃၆၀ ဒီဂရီ ပတ်ပတ်လည်ကြည့်ရှုနိုင်သည့် ဗီဒီယိုကင်မရာများ တပ်ဆင်ထားပြီး၊ အတွင်းခန်းကို ပတ်ဝန်းကျင်ဖိအားထက် ပိုမိုမြင့်မားသော ဖိအားဖြင့် လုံခြုံအောင်ပြုလုပ်ထားသဖြင့် ဓာတု၊ ဇီဝနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ (NBC) အန္တရာယ်များမှ ကာကွယ်နိုင်ကြောင်း သိရသည်။

**Russia starts mass production of Typhoon-PVO air defense vehicle to improve protection against drone attacks.** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ကျောက်မြောင်း ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ဧက ၃၈၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကျားကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို ပုံမှန်တင်ပို့ ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ကျားကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည် တင်ပို့ရောင်းချနေပါတယ်"ဟု ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၃၃၅၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါကျားကဏန်းများ ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာပေါင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာပေါင်း ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ဇီးပင်ကွင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဇီးပင်ကွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက ဇီးပင်ကွင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂၃ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၃၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်




# ဝေါမြို့နယ် ကျွဲတဲစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



ဝေါ ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုင်တီကျေးရွာအုပ်စု ကျွဲတဲစုကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွဲတဲစုကျေးရွာ၌ လမ်းအရှည် ၁၄၈၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထု လုပ်အားထည့်ဝင်မှုတို့ဖြင့် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကိုညို

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားခဲ့ပါသည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ စျာပနကို နိုင်ငံတော်စျာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

## ဝမ်းနည်းကြေကွဲခြင်း

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

## နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလ သတ်မှတ်ကြေညာခြင်း

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားခဲ့ပြီး စျာပနကို နိုင်ငံတော်စျာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ ၂၀၂၅ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၁ ရက်အထိ ကာလကို နိုင်ငံတော်အဆင့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်ကာလ အဖြစ် ကြေညာထားရှိကြောင်းနှင့် အဆိုပါကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူသွားကြရန် ညွှန်ကြားထားရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

❑ ရှေ့ဖုံးမှအဆက်

ထိုသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၏ စျာပနအခမ်းအနားအား နိုင်ငံတော်စျာပန အခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စျာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စျာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စျာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စျာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ကြောင်း၊ ထို့ကြောင့် ၎င်း၏စျာပနကို နိုင်ငံတော် စျာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စျာပနအခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်း၍ စျာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးမှ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထို့ပြင် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၁၁ ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စျာပနအခမ်းအနားတွင် လိုအပ်ချက်များ မရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကိုလည်း ပြည့်စုံစွာ စီမံဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတော်အဆင့် စျာပနအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကော်မတီတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်နိုင်ရန်လည်း အလွန်အရေးကြီးကြောင်း၊ အခမ်းအနား အစီအစဉ်များ ဆောင်ရွက်ရာတွင်လည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အတွက်လည်း ဂရုပြု၍ ကြိုတင်စီစဉ် ဆောင်ရွက်ထားကြစေလိုကြောင်းနှင့် လုပ်ငန်းများ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကော်မတီဝင်များအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စျာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က စျာပန အခမ်းအနားကျင်းပမည့် လမ်းကြောင်း တစ်လျှောက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဖိတ်ကြားရေး၊ တည်းခိုရေး နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ စျာပနအခမ်းအနား ကျင်းပမည့်နေရာ အဝင်၊ အထွက်လမ်း ကြောင်းတစ်လျှောက် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးနှင့် စနစ်တကျရှိစေရေး၊ ကော်မတီ အလိုက် စနစ်တကျပူးပေါင်းဆောင်ရွက်နိုင် ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ယင်းနောက် စျာပနအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက နိုင်ငံတော် အဆင့် စျာပနအခမ်းအနားတွင် အခမ်း အနားပြင်ဆင်ဆောင်ရွက်ရေးနှင့် နေရာချ ထားရေး၊ မိုးရာသီကာလဖြစ်သည့်အတွက် ကော်မတီများအလိုက် အရန်အစီအစဉ်များ စီစဉ်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနား လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေးနှင့် အခြားလိုအပ် သည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များ က နိုင်ငံတော်အဆင့် စျာပနအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်း ကဏ္ဍအသီးသီးတွင် လက်ရှိဆောင်ရွက်နေ မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက် မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကဏ္ဍ အလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း ၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၄၀၈ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၄၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသားဦးရေ ၂၀၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၃၁ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဗဟိုအဆင့်အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်



**နေပြည်တော် ဩဂုတ် ၇**

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဗဟိုအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အာဟာရဖွံ့ဖြိုးရေးလုပ်ရှားမှု ရက်သတ္တပတ်များ၏ ပထမရက်သတ္တပတ်ကို "မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်"၊ ဒုတိယရက်သတ္တပတ်ကို "ငါးနှစ်အောက်ကလေးများနှင့်ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်"၊ တတိယရက်သတ္တပတ်ကို "ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်"၊ စတုတ္ထရက်သတ္တပတ်ကို "အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးရက်သတ္တပတ်"ဟူ၍ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူအားလုံး ဘဝတစ်လျှောက်လုံး အာဟာရပြည့်ဝမျှတအောင် နေထိုင်စားသောက်တတ်ပြီး အနာရောဂါကင်းရှင်းရေး၊ အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏဖွံ့ဖြိုးသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ကြပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ် ဗီဒီယိုနှင့် ပြခန်းငယ်တို့ကိုကြည့်ရှုကြကာ မူကြိုကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို အားဆေးများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။


မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ သူနာပြုများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အရည်အသွေးပြည့်ဝသော သူနာပြုစုစောင့်ရှောက်မှုပေးနိုင်ရန် သူနာပြု၊ သားဖွားများကို မွေးထုတ်ပေးနေသည့် သူနာပြု၊ သားဖွား၊ နီးနွယ်သင်တန်းကျောင်းများ၏ကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူလူထု၏ အားကိုးမှုကို ပိုမိုရရှိလာသည့်အတွက် လက်တွေ့သူနာပြုစုရာတွင် စေတနာအပြည့် နွေးထွေးချိုသာစွာ ပြောဆိုဆက်ဆံတတ်စေရန် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ မွန်မြတ်သော စိတ်ထားနှင့် လူနာများကို ပြုစုစောင့်ရှောက်ခဲ့သည့် သမိုင်းမှတ်တမ်းများရှိသကဲ့သို့ စံနမူနာယူထိုက်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။





ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကုသရေးဦးစီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သူနာပြုစုမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သူနာပြုအရာထမ်း၊ အမှုထမ်းများ၊ သူနာပြု သားဖွား၊ နီးနွယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် သူနာပြု အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




❖ **နေရာကွက်၍မိုးကြီးနိုင်မှုအဆက်**

ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

ရှေ့ဖုံးမှအဆက်

မြှင့်တင်ရန်အတွက် အသင်းကြီး၏ရည်မှန်းချက်များကို တည်ကြည်ခိုင်မြဲစွာ ဖော်ဆောင်လျက်ရှိပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ အတူတကွ ကြိုးပမ်းမှု၊ အမြော်အမြင်နှင့် မျှော်မှန်းချက်တို့ဖြင့် အာဆီယံအဖွဲ့ကြီးသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကိုမြှင့်တင်လျက် ဒေသတွင်း ခိုင်မာသည့် အသိုက်အဝန်းတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ အသင်းကြီး လျှောက်လှမ်းခဲ့သည့် ခရီးလမ်း၏အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာနိုင်ငံသည် ဂုဏ်ယူစွာဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းသာယာဝပြောသော အရှေ့တောင်အာရှအတွက် မိမိတို့၏မျှော်မှန်းချက်များရောက်ရှိရန် အာဆီယံပဋိညာဉ်စာတမ်း၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို မမိုတ်မသုန် လိုက်နာစောင့်ထိန်းလျက်ရှိပါသည်။

အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဘရူနိုင်းနိုင်ငံက ၁၉၈၄ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့က ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တွင်လည်းကောင်း အသီးသီး ဝင်ရောက်ခဲ့ကြပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများ ပေါင်းစည်းလျှောက်လှမ်းခဲ့ရာ ခရီးလမ်း၊ မိမိတို့၏ အားမာန်များ စုစည်းလျက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုကဏ္ဍများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရာမှ ရရှိခဲ့ကြသည့် အောင်မြင်မှုများကို ပြန်ပြောင်းသတိရ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အာဆီယံပေါ်ပေါက်ခဲ့သည်မှာ ၅၈ နှစ် နှစ်ပတ်လည် အခါသမယသို့ ရောက်ရှိပြီဖြစ်ရာ အောင်မြင်မှုရရှိခဲ့သော ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်အဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နှင့် လူမှု-ယဉ်ကျေးမှုမဏ္ဍိုင် သုံးရပ်အပေါ် အခြေတည်သည့် အာဆီယံအသိုက်အဝန်း ၂၀၁၅ ကို တည်ထောင်နိုင်ခြင်းအပါအဝင် အထင်ကရအောင်မြင်မှုများ ဆွတ်ခူးနိုင်ခဲ့ပါသည်။ အာဆီယံသည် အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF)၊ အရှေ့အာရှထိပ်သီးအစည်းအဝေး(EAS)၊ အာဆီယံကာကွယ်ရေးဝန်ကြီးများအပေါင်း အစည်းအဝေး(ADMM-Plus) စသည့် ဒေသတွင်း အဓိကကျသော ဖိုရမ်များကို ဦးဆောင်လျက် စေ့စပ်ဆွေးနွေးမှု၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းပေါင်းစည်းမှုတို့ကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါသည်။ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ကို အကောင်အထည်ဖော်မှုများသည်လည်း ကောင်းမွန်စွာတိုးတက်လျက်ရှိကြောင်း နှစ်ထောင်းအားရဖွယ် တွေ့ရှိရပါသည်။

**"အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅"** ပန်းတိုင်များ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် ယခု ၂၀၂၅ ခုနှစ်သည် အာဆီယံအတွက် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ကာ ဦးစားပေးမှုကဏ္ဍများကို ချိန်ညှိလျက် ဘက်စုံနည်းဗျူဟာများကို ချမှတ်ရမည့် အဓိကကျသော နှစ်တစ်နှစ်ဖြစ်ပါသည်။ အဆိုပါ **"အာဆီယံ ၂၀၄၅ မျှော်မှန်းချက်"** ကို အခြေပြုလျက် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိကာ စီးပွားရေးအရ အားကောင်း၍ ဒေသတွင်းငြိမ်းချမ်းမှုရှိရေးကို ထပ်လောင်းအတည်ပြု ဖော်ဆောင်သွားကြရပါမည်။ လာမည့် ၂၀၄၅ ခုနှစ်တွင် အာဆီယံသည် ကမ္ဘာ့နိုင်ငံများက လေးစားထိုက်သော တိုးတက်အောင်မြင်သည့် အသိုက်အဝန်းကြီးဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အသင်းကြီးအနေဖြင့် လျင်မြန်စွာပြောင်းလဲလျက်ရှိသည့် ပထဝီနိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဖြစ်စဉ်များအကြား ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်ရှိစွာ တုံ့ပြန်မှုမြန်ဆန်စွာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်ရမည်ဖြစ်ပါသည်။ ဤအခြေအနေများကြောင့် ယခု ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ **"အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု"** ဟူသည့် ဆောင်ပုဒ်သည် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏ ကတိကဝတ်

**အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ အုပ်ချုပ်ရေးစနစ် ကောင်းမွန်ရေး၊ နိုင်ငံစုံပူးပေါင်း ဆောင်ရွက်ရေးတို့ကို ပြဋ္ဌာန်းထားသော အာဆီယံပဋိညာဉ်စာတမ်းတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုသည် အဓိကဖြစ်ပြီး အာဆီယံ၏ မီးရှူးတန်ဆောင်ဖြစ်ပါသည်။**

**မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသည့် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအနေအထားများ မည်သို့ပင်ရှိစေကာမူ မိမိတို့အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့မှုကို အခြားနိုင်ငံက လေးစားလျက် အတူတကွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် အာဆီယံ၏စွမ်းအားသည် တည်ရှိလျက်ရှိပါသည်။**

များကို ထင်ဟပ်လျက်ရှိပါသည်။ ဒေသတွင်းလုံခြုံရေးအခင်းအကျင်းကို ဦးဆောင်တည်ဆောက်ရာတွင် အာဆီယံ၏အရေးပါသော အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ အုပ်ချုပ်ရေးစနစ် ကောင်းမွန်ရေး၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြဋ္ဌာန်းထားသော အာဆီယံပဋိညာဉ်စာတမ်းတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုသည် အဓိကဖြစ်ပြီး အာဆီယံ၏မီးရှူးတန်ဆောင်ဖြစ်ပါသည်။ ပထဝီနိုင်ငံရေး အရွေ့အပြောင်းများ၊ စီးပွားရေးတုံ့ဆိုင်းမှုများ၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်းများ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာ စိန်ခေါ်မှုများ ရှုပ်ထွေးစွာဖြစ်ပေါ်လျက်ရှိချိန်တွင် အဖွဲ့ဝင်နိုင်ငံများက စုပေါင်းကာ ရှေ့သို့ချီတက်ရန် လုပ်ငန်းစဉ်များ ရေးဆွဲဖော်ဆောင်ခြင်းအားဖြင့် အာဆီယံအသင်းကြီးသည် ကြံ့ကြံ့ခံကာ လိုက်လျောညီထွေ လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အခါသမယတွင် ပဋိညာဉ်စာတမ်း၏ အခြေခံမူများနှင့် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရာတွင် အဓိကကျသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာ စောင့်ထိန်းကြရမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။ အာဆီယံပဋိညာဉ်စာတမ်း၏ မူများနှင့် ရည်ရွယ်ချက်များအရ အာဆီယံစည်းလုံးညီညွတ်မှုနှင့် အာဆီယံဗဟိုအချက်အချာကျမှုတို့ကို ဖော်ဆောင်ရန်အတွက် မိမိတို့မြန်မာနိုင်ငံသည်လည်း သန္နိဋ္ဌာန်ပြု၍ မြဲမြံစွာရပ်တည်လျက်ရှိပါသည်။ **မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသည့် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအနေအထားများ မည်သို့ပင်ရှိစေကာမူ မိမိတို့အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့မှုကို အခြားနိုင်ငံက လေးစားလျက် အတူတကွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် အာဆီယံ၏ စွမ်းအားသည် တည်ရှိလျက်ရှိပါသည်။**

အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသော အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဖြင့် မိမိတို့သည် ပြင်ပမှ ပတ်သက်မှုမပါရှိဘဲ မိမိတို့၏ တူညီဆန္ဒဖြင့် ဆုံးဖြတ်လုပ်ကိုင်သည့် ဂုဏ်သိက္ခာသမာဓိကို ထိန်းသိမ်းကာ ဒေသတွင်းစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

ယခုကဲ့သို့ ၅၈ နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ် အခါသမယတွင် မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်မှုရှိစွာဖြင့် စုစည်းပြီး ကြံ့ကြံ့ခံလျက် သာယာဝပြောမှုကို မျှဝေကြသည့် အာဆီယံ၏ စံနှုန်းများကို ထိန်းသိမ်းကြရန် မိမိတို့၏သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုကြပါရန်နှင့် အတိတ်ကာလအောင်မြင်မှုများကို ဂုဏ်ယူကျေနပ်ရုံသာမက ငြိမ်းချမ်းရေးထိန်းသိမ်းလျက် သာယာဝပြောရေး ဖော်ဆောင်ကာ ဒေသတွင်း ကြွယ်ဝသောယဉ်ကျေးမှုများကိုလည်း စုပေါင်းထိန်းသိမ်းပျိုးထောင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအားလုံး အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်ကြပြီး ငြိမ်းချမ်းသာယာဝပြောမှုများကို နောင်လာမည့်နှစ်များတွင်လည်း ရရှိခံစားနိုင်ကြပါစေကြောင်း၊ အာဆီယံပြည်သူများ၏ စိတ်နှလုံးတွင်း၌ တစုတစည်းတည်းဖြစ်သည် ဟူသည့် အာဆီယံစိတ်ဓာတ်များ ကိန်းဝပ်ရှင်သန်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၂၄/၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

၁။ **ချင်းပြည်နယ်အစိုးရအဖွဲ့**
(က) ဒေါက်တာလျန်ဇခုပ် — စီးပွားရေးရာဝန်ကြီး
(ခ) ဦးကောလ်လျန်ထန်း — သယံဇာတရေးရာဝန်ကြီး

၂။ **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးစိုင်းလှိုင်ငြိမ်း — တိုင်းရင်းသားရေးရာဝန်ကြီး

၃။ **မွန်ပြည်နယ်အစိုးရအဖွဲ့**
ဦးတင်ဇော်ထွန်း — လူမှုရေးရာဝန်ကြီး

၄။ **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
ဦးမြင့်စိုး — သယံဇာတရေးရာဝန်ကြီး

၅။ **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
(က) ဦးအောင်စန်းချစ် — လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
(ခ) ဦးမောင်မောင်ဦး — စီးပွားရေးရာဝန်ကြီး

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ(ည)၏နောက်တွင် နည်းဥပဒေခွဲ(ဋ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဋ) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း။"

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဇိုမီးအမျိုးသားပါတီ (Zomi National Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၂/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
**ဇိုမီးအမျိုးသားပါတီ (Zomi National Party) ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်း လေးလွှာ(ဘီ) အမှတ်(၁၁၀)တွင် ပါတီရုံးချုပ်(ယာယီ) ဖွင့်လှစ်ထားရှိသော **ဇိုမီးအမျိုးသားပါတီ(Zomi National Party)** ကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၇ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဇိုမီးအမျိုးသားပါတီ (Zomi National Party)**၏ မှတ်ပုံတင်အမှတ်မှာ ၅၉ ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၃/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို**
**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၂၅)ဖြင့် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၄/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို**
**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅) ဖြင့် **"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် လွှတ်တော် သုံးရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အတည်ပြုလက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ရေးဆွဲညှိနှိုင်းစိစစ်ပြီးဖြစ်သည့် **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ"**၊ **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်း ဥပဒေများ"**၊ **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ"**၊ **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ"**ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ကော်မရှင်အဖွဲ့ဝင်များက တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်သည်။

ထို့နောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၅/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၅)ဖြင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"**ကို ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် လွှတ်တော် သုံးရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၂၅)ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၂၅)ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ခုနှစ် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mmတွင် Download ပြုလုပ်၍ရယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# 2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ပြည်သူများက သောင်းသောင်းဖြဖြကြိုဆို





**ရန်ကုန် ဩဂုတ် ၇**

ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့တွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်ထိ ကျင်းပခဲ့သည့် 2025 Esports World Cupပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံဂုဏ်ဆောင် အောင်ပွဲရ အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ESports အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

Yangon Galacticos အသင်းသည် ကမ္ဘာ့အဆင့် Esports World Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ Esports အမျိုးအစား ၂၅ မျိုးကျော် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ဩဂုတ် ၃ ရက်တွင် ကျင်းပခဲ့သည့် Grand Final ၌ တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံမှအသင်းတို့ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစား၍ ပွဲစဉ်တိုင်းတွင် အမှတ်အမြင့်ဆုံးဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၅၀၀၀၀ ရရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် ကျင်းပသည့် 2025 Esports World Cup ပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ လက်ရွေးစင်အသင်းပေါင်း ၁၀၀၀ ကျော်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဦးရေ ၅၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံကိုယ်စားပြု YG(Yangon Galacti-cos) အသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ တူကီယဲ၊ အီဂျစ်၊ ဘရာဇီး စသည့် ဥရောပလက်ရွေးစင်နိုင်ငံ ၁၆ နိုင်ငံမှ ထိပ်သီး ၂၄ သင်းနှင့်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကို ထိုက်တန်စွာရရှိခဲ့ခြင်းဖြစ်သည်။

MLBB MSC Esports World Cup –2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းသည် ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိ၍Terror Queen အမျိုးသမီးအသင်းကလည်း MLBB Esports World Cup–2025 Mobile Legends: Bang Bang–Women's Invitational (MWI) ကမ္ဘာ့အဆင့် တတိယဆုရရှိခဲ့ကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့သည်။ Esports ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ကမ္ဘာ့နိုင်ငံများမှ ပရော်ဖယ်ရှင်နယ် ကစားသမားကို ကျော်ဖြတ်၍ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် 2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ရန်ကုန်မြို့ရှိပြည်သူ့ရင်ပြင်၌ ကျင်းပရာ Yangon Galacticosအသင်းအား ပံ့ပိုးကူညီခဲ့သူများ၊ PUBG Mobile ဝါသနာရှင်များ၊ ပရိသတ်များ၊ ဖိတ်ကြားထားသူများက Yangon Galacticosအမှတ်တံဆိပ်ပါအလံငယ်နှင့် ယပ်တောင်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြပြီး Yangon Galacticos အသင်းသားများက စင်မြင့်ထက်မှ ဆုဖလားကိုကိုင်မြှောက်ကာ ပရိသတ်များနှင့်အတူ အောင်ပွဲခံကြသည်။



ထို့နောက် 2025 Esports World Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းသားများဖြစ်ကြသည့် မောင်စွမ်းဝင့်မောင်(Smile)၊ မောင်ဆောင်းဝေဖြိုး(Marnett)၊ မောင်ကောင်းခန့်အောင်(SAYCLOUD)၊ မောင်ခန့်ဇော်ဟိန်း(Romeo)နှင့် ၎င်းတို့၏မိဘများ၊ အသင်းမှ တာဝန်ရှိသူများက ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကြသည်။

ယင်းနောက်ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ Mr.Devanandan က Esports အားကစားနည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀၀၀ နှင့် KBZ Pay ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးပွင့်အောင်က ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် ချီးမြှင့်ငွေကျပ် သိန်း ၂၀၀၀ ကို ပေးအပ်ရာ မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းမြတ်စံက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ညီမ်းသူ(သတင်းစဉ်)**



# လင်းခေးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးကအမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြန်မာနိုင်ငံတွင် UNICEF က ဆောင်ရွက်လျက်ရှိသော လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အကျိုးရှိထိရောက်စေရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund–UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNICEF က ဆောင်ရွက်လျက်ရှိသော လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အကျိုးရှိ ထိရောက်စေရေးနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယ မန္တလေးတိုင်းဒေသကြီးအသင်း၊ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယ မန္တလေးတိုင်းဒေသကြီးအသင်း၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယ မန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ မွန်ပြည်နယ်အသင်း၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယ မကွေးတိုင်းဒေသကြီးအသင်း၊ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယ မကွေး တိုင်းဒေသကြီးအသင်း၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ မွန်ပြည်နယ်အသင်း၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသား တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မွန်ပြည်နယ်အသင်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားရုံ၌ကျင်းပပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်၊ နည်းပြ၊ အားကစားသမား စုစုပေါင်း အင်အား ၃၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ အားကစားဝါသနာရှင် ပရိသတ်များက တစ်ခဲနက် လာရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇) (၆)မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်–

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများမှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့သုံးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

## ၂၀၂၅ ခုနှစ် ဩဂုတ် ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ (၇-၈-၂၀၂၅)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် | ရန်ကုန် | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကလေး၀ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | ဂန့်ဂေါ | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | မအူပင် | ၃၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၄ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၃ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၄ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | မြောင်းမြ | ၃၃ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း အမျိုး ၂၀၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၅၃၄၇၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Nissan Diesel Truck နှစ်စီး၊ Isuzu Giga Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၅၃၄၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွား ရောက်မည့် မော်တော်ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၂၄၄၃၁ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Jin Bei H-2l Mini Bus တစ်စီး၊ Foton Toano Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၃၂၄၄၃၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ပဲခူးမြို့မှ ကျိုက်ထိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၅၆၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၇၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၇၂ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၅၁၇၇၉၄၄ ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ကုန်လှောင်ရုံ)၌ ကျောက်စိမ်းဟု ယူဆရသော Green Stone Craft သုံးခု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၅၄၇၇၉၄၄ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ချင်းရွှေဟော်မှ လားရှိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၂၅၈၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၈၂၅၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၄၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၁၅၅၈၄၇၅ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**
















---

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ခရမ်းကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်း အူဒီနယ်မြေတွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပြီး တောမီးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်



ပဲရစ် ဩဂုတ် ၇

ပြင်သစ်နိုင်ငံ တောင်ဘက်ပိုင်း အူဒီနယ်မြေတွင် ဩဂုတ် ၅ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ပြင်သစ် Civil Protection Agency(CPA) က ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် သစ်တောမြေ ဟက်တာ ၄၅၀၀ ကျော်ထိကူးစက်လောင်ကျွမ်းပြီး မီးသတ်တပ်ဖွဲ့ဝင် ၁၂၅ ဦးဖြင့် တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ သို့သော်လည်း နေရာတချို့တွင် တောမီးကို မြေပြင်မှသွားရောက်ငြိမ်းသတ်ရန် ခက်ခဲနေသည့်အတွက် လေကြောင်းအကူအညီကို ရယူထားကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာအနီးမှ အရေးကြီး ပြည်သူပိုင်ပစ္စည်းများကို ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ပြောကြားခဲ့သည်။

"တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေတဲ့ ဧရိယာအနီးမှာရှိတဲ့ နိုင်ငံရဲ့ အရေးကြီးပစ္စည်းတွေအားလုံးကို ရွှေ့ပြောင်းထားပြီးဖြစ်ပါတယ်။ တောမီးကို မြေပြင်ကနေ သွားရောက်ငြိမ်းသတ်ဖို့ ခက်ခဲနေတဲ့နေရာတချို့အတွက်လဲ လေကြောင်းအကူအညီ ရယူထားပါတယ်"ဟု ပြင်သစ်သမ္မတမက်ခရွန်က ပြောကြားခဲ့သည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များကို အင်အားထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ တောမီးကူးစက်လောင်ကျွမ်းခြင်း မရှိစေရေးအတွက် ဦးစားပေးကာငြိမ်းသတ်ပေးလျက်ရှိကြောင်း ပြင်သစ်သမ္မတရုံးက ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : Sai Sat

# ရုရှားနိုင်ငံအရှေ့ပိုင်းတွင် မီးတောင်ပေါက်ကွဲမှုကြောင့် လေကြောင်းသတိပေးချက် အမြင့်ဆုံးထုတ်ပြန်ထား

မော်စကို ဩဂုတ် ၇

ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်ချက်တာကျွန်းရှိ Klyuchevskoy မီးတောင်ပေါက်ကွဲမှုကြောင့် လေကြောင်းသတိပေးချက်ကို ရုရှားအာဏာပိုင်များက အမြင့်ဆုံးထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။



ကမ်ချက်တာကျွန်းဆွယ်တွင် ပြင်းအား ၈ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ပြီးနောက် ဩဂုတ် ၃ ရက်တွင် အဆိုပါမီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေကြောင်းသတိပေးချက်ကို လိမ္မော်ရောင်ထုတ်ပြန်ထားပြီး ယနေ့တွင် အဆိုပါလိမ္မော်ရောင်လေကြောင်းသတိပေးချက်ကို အမြင့်ဆုံးဖြစ်သည့် အနီရောင်သတိပေးချက်အဖြစ်တိုးမြှင့်လိုက်ကြောင်း ရုရှားနိုင်ငံ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့သို့ လေကြောင်းသတိပေးချက်ကို အမြင့်ဆုံးတိုးမြှင့်ခဲ့ရခြင်းမှာ မီးတောင်မှထွက်သော ပြာမှုန်နှင့် မီးခိုးများသည် မီးတောင်၏ အရှေ့ဘက် တစ်ကီလိုမီတာထိ ပျံ့လွင့်လျက်ရှိပြီး မီးတောင်ဝ၏ အထက် ကောင်းကင်၏ ၁၄ ကီလိုမီတာထိ ပျံ့လွင့်နေသည့်အတွက် ဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံဌာနက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် မီးတောင်ပြာနှင့် မီးခိုးများသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ ကီလိုမီတာအကွာတွင်ရှိနေပြီး မီးတောင်ဝမှ ပြာများအချိန်မရွေးမှုတ်ထုတ်မှု ထပ်မံဖြစ်ပွားနိုင်သည့်အတွက် လေယာဉ်ပျံသန်းမှုများ ဆောင်ရွက်ရာတွင် မြင်ကွင်းများဝေဝါးကာ အန္တရာယ်များသဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ အနိမ့်ပျံလေယာဉ်များကို ထိခိုက်နိုင်သည့်အတွက် လေကြောင်းသတိပေးချက်ကို အမြင့်ဆုံးထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် လူလေးဦးသေဆုံးပြီး ဦးရေ ၅၀ ကျော် ပျောက်ဆုံးနေ

နယူးဒေလီ ဩဂုတ် ၇

အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်း ဥတ္တရာခန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားကာ မြေပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒေသခံလူလေးဦးသေဆုံးပြီး လူဦးရေ ၅၀ ကျော် ပျောက်ဆုံးနေကြောင်း အိန္ဒိယတပ်မတော် Central Command က ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

မြေပြိုကျမှုသည် ဒါရာလီကျေးလက်ဒေသတွင် အဆိုးရွားဆုံးဖြစ်ပေါ်နေပြီး ကယ်ဆယ်ရေးဝန်ထမ်းများအပြင် အိန္ဒိယတပ်မတော်သားများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးလျက်ရှိကြောင်း၊ အရေးပေါ်တုံ့ပြန်ရေး အဖွဲ့အစည်း၏ ဦးဆောင်မှုဖြင့် မြေပြိုကျမှုနှင့် ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် ဧရိယာများတွင် ပိတ်မိနေသည့် ဒေသခံများကို တပ်မတော်သားများက အရေးပေါ်အခြေအနေဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

"ဟာစီလ်နယ်မြေတစ်လျှောက်မှာ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုပြီးနောက်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ ဧရိယာကတော့ ဒါရာလီကျေးလက်ဒေသဖြစ်ပါတယ်။ ဒေသခံလေးယောက် သေဆုံးခဲ့ပြီးတော့ အယောက် ၅၀ ကျော် ပျောက်ဆုံးနေပါတယ်။ ရေစီးနဲ့အတူ ရွှံ့ညွန်တွေနဲ့ အမှိုက်သရိုက်တွေစီးလာပြီးတော့ အဆောက်အအုံအမြောက်အမြားပျက်စီးခဲ့ပါတယ်။ တပ်မတော်သားတွေက ကယ်ဆယ်ရေးဝန်ထမ်းတွေနဲ့ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု အိန္ဒိယတပ်မတော် Central Command မှ အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဇူလိုင်လက ကမ္ဘာ့သက်တမ်း၏ တတိယမြောက် အပူချိန်အမြင့်ဆုံးပမာဏဖြစ်ခဲ့ကြောင်း EU မှ သုတေသီများက ထုတ်ပြန်

ပဲရစ် ဩဂုတ် ၇

ဥရောပသမဂ္ဂအဖွဲ့(EU) ၏ Copernicus Climate Change Service(C3S) အဖွဲ့အစည်းမှ သုတေသီများက ၂၀၂၅ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏသည် ကမ္ဘာ့သက်တမ်းတွင် တတိယမြောက် အပူချိန်အမြင့်ဆုံးပမာဏဖြစ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇူလိုင်လအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏမှာ ၅၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး တူကီယဲနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏဖြစ်ကြောင်း၊ အဆိုပါအပူချိန်ပမာဏမှာလည်း တူကီယဲနိုင်ငံ၏ သက်တမ်းတစ်လျှောက် အမြင့်ဆုံးအပူချိန်ပမာဏဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုနှုန်းမှာ လျော့ကျသွားခြင်းမရှိဘဲ ဆက်တိုက်မြင့်တက်နေသည်ကို ပြသနေကြောင်း C3S မှ သုတေသီများက သတိပေးခဲ့သည်။

"ကမ္ဘာ့မြေကြီးရဲ့ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်မားဆုံးဖြစ်ပေါ်ခဲ့တဲ့ ကာလအပြီးနှစ်နှစ်အကြာမှာ ကမ္ဘာ့သက်တမ်းရဲ့ တတိယမြောက် အပူချိန်အမြင့်ဆုံးအခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လမှာ ဖြစ်ပေါ်ခဲ့တဲ့အပူချိန်ပမာဏဟာ ကမ္ဘာ့သက်တမ်းရဲ့ တတိယမြောက် အမြင့်ဆုံး အပူချိန်ပမာဏဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ရာသီဥတု ဖောက်ပြန်တာဟာ ပြောင်းလဲသွားခြင်း မရှိသေးဘဲ ဆက်လက်မြင့်တက်နေဆဲဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်တက်လာတာနဲ့အညီ ကမ္ဘာ့မြေကြီးပူနွေးမှုကလဲ ဆက်လက်မြင့်တက်နေမှာ ဖြစ်ပါတယ်"ဟု Copernicus Climate Change Service (C3S) အဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဘောင်တမ်ပိုက ပြောကြားခဲ့ကြောင်း သိရသည်။

Copernicus Climate Change Service (C3S) အဖွဲ့အစည်း၏ မှတ်တမ်းများအရ ယခင် ကမ္ဘာ့သက်တမ်း၏အပူချိန်အမြင့်ဆုံးနှစ်မှာ ၂၀၂၃ ခုနှစ် ဇူလိုင်လကဖြစ်ပြီး အပူချိန်ပမာဏမှာ ၅၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်နှင့် ဒုတိယမြောက် အပူချိန်အမြင့်ဆုံးနှစ်မှာ ၂၀၂၄ ခုနှစ် ဇူလိုင်လဖြစ်ပြီး အပူချိန်ပမာဏမှာ ၅၂ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်တွင် မိုးသက်မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့

ကဘူးလ် ဩဂုတ် ၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ကူနာပြည်နယ်တွင် ဩဂုတ် ၆ ရက်က မိုးသက်မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါပြည်နယ်တွင် ဩဂုတ် ၅ ရက် ညမှစ၍ မိုးသက်မုန်တိုင်းတိုက်ခတ်ခဲ့ကြောင်း၊ မိုးသက်မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဩဂုတ် ၆ ရက်တွင် ရေကြီးခဲ့ကြောင်း၊ အဆိုပါရေကြီးမှုကြောင့် ကလေးနှစ်ဦးသေဆုံးပြီး နေအိမ်များစွာနှင့် လယ်ယာမြေဧကများစွာ ပျက်စီးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ကူနာပြည်နယ်၏ ခရိုင်များတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ရေကြီးမှုဒဏ် အခံရဆုံးခရိုင်မှာ ဒန်ဂမ်ခရိုင်ဖြစ်ရာ အဆိုပါခရိုင်တွင် ရေကြီးမှုကြောင့် ကလေးနှစ်ဦးသေဆုံးခဲ့သည့်အပြင် အိမ်များ၊ လယ်မြေများ၊ တံတားများ၊ ရေမြောင်းများ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း သိရသည်။

ထိခိုက်ပျက်စီးမှု စာရင်းအတိအကျကို ထုတ်ပြန်နိုင်ရန် ပြည်နယ်အာဏာပိုင်များက ကွင်းဆင်းလေ့လာရေးအဖွဲ့များကို ရေဘေးသင့်ဒေသများသို့ စေလွှတ်ထားကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

ဝတ္ထုတိုကလျာ

# အမှောင်၏ နောက်ကွယ်

ချစ်သက်(မြန်မာစာ)



(၁)

ရှစ်မျက်နှာတစ်ခွင်လုံး တိမ်ညိုတိမ်မည်းများ ကင်းစင်လျက်ရှိသည်။ မိုးတွင်းဆိုသော်လည်း မိုးအငွေ့အသက်ကို မတွေ့ရပေ။ သန်မြန်စိမ်းစိုနေသော စပါးပင်များသည် လေယူရာယိမ်းကလျက်ရှိသည်။ တစ်ချက်တစ်ချက် လေအဟုန်ကြောင့် စပါးပင်တို့၏သင်းရနံ့မှာ ရှူရှိုက်မိသူအဖို့ လန်းဆန်းတက်ကြွစေသည်။ ရေကတွတ်ပေါက်ဝတွင် အစာချောင်းနေသောဗျိုင်းများကိုလည်း တွေ့ရတတ်သည်။ ကျော်သက်နှင့် ဖိုးသက်တို့သည် လယ်အခြေအနေကြည့်ရန် ကန်သင်းပေါင်ပေါ်တွင် လျှောက်၍လာနေ၏။

"ကျော်သက်ရေ ငါတို့လိုလယ်သမားတွေအတွက် မင်းလို ပညာတတ်တစ်ယောက် တို့နယ်မှာရှိတာ ဂုဏ်ယူတယ်ကွာ။ ဘယ်လယ်သမားရဲ့ စပါးခင်းဖြစ်ဖြစ် မညည်းမညူလိုက်ကြည့်အကြံပေးတဲ့ မင်းစိတ်ဓာတ်ကိုလဲ ချီးကျူးလို့မဆုံးဘူးကွာ။ လယ်သမားတွေ ဘာဆေးလိုလို ထုတ်ပေးတတ်တဲ့ မင်းစိတ်ဓာတ်ကိုတော့ ငါတကယ်လေးစားတယ်ကွာ"

ကျော်သက်သည် ဖိုးသက်၏စကားကိုနားထောင်ရင်း စပါးခင်းကိုဖြတ်သန်းတိုက်ခတ်လာသောလေကို တဝရှူလိုက်သည်။ ဖိုးသက်၏စကားများကြောင့် ကျော်သက်၏အပြုံးမှာ ပို၍ပေါ်လွင်စေသည်။

ကျော်သက်သည် တက္ကသိုလ်ဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်သည်။ ဘွဲ့ရပြီးသည့်နောက် မိရိုးဖလာ မိဘလယ်ကိုလုပ်ကိုင်ရင်း တောင်သူများအတွက် ဆေးပေါင်းစုံနှင့်တကွ ဓာတ်မြေဩဇာမျိုးစုံကို ဖြန့်ဖြူးရောင်းချသူလည်းဖြစ်သည်။ ထို့ပြင် စပါးခင်းတွင်ဖြစ်တတ်သောရောဂါများကို နားလည်တတ်ကျွမ်းသူဖြစ်သည့်အလျောက် စပါးခင်းများကိုလိုက်ကြည့်ပြီး သုံးရမည့်ဆေးကို ညွှန်ကြားပြသသူလည်းဖြစ်သည်။ ထို့ကြောင့် လယ်သမားများသည် ကျော်သက်ကို အားကိုးယုံကြည်ကြသည်။ ကျော်သက်ထံတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို အကြွေးဖြစ်စေ၊ လက်ငင်းဖြစ်စေ ဝယ်ယူသုံးစွဲကြသည်။

"မင်းပြောသလိုလဲမဟုတ်ပါဘူး ဖိုးသက်ရာ။ ငါ့မှာလဲ အကျိုးအမြတ်ကျန်လို့ လုပ်ပေးနိုင်တာပေါ့။ တကယ်တော့ ငါက မင်းတို့လယ်သမားတွေကို ကျေးဇူးတင်ရမှာကွ။ မင်းတို့ကြောင့် ငါ့မှာ ချမ်းသာပြီးရင်း ချမ်းသာလာတာပေါ့ ဟဲဟဲ။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပေါ့ကွာ"

"အေး မင်းပြောတာလဲ ဟုတ်တာပဲ။ မေတ္တာရောင်ပြန်ဟပ်တာပေါ့"

ကျော်သက်နှင့်ဖိုးသက်သည် စကားတပြောပြောဖြင့် လယ်များကို ကြည့်ရှုစစ်ဆေးနေသည်။

"ဖိုးသက်ရေ မင်း ဟိုလယ်ကွက်တွေ ပေါင်းများနေတယ်၊ ပေါင်းသတ်ဆေး တစ်ခါတည်းလိုက်ယူပြီး ဖျန်းကွာ၊ ပေါင်းဆိုတာ အချိန်မီနှိမ်နင်းနိုင်မှ၊ စပါးပင်ပေါင်းမြက်စီးသွားလို့ကတော့ မင်း ဘာမှစားရမှာ မဟုတ်ဘူး"

"အေးပါကွာ ငါ တစ်ခါတည်းလိုက်ယူပွဲမယ်"

ကျော်သက်နှင့်ဖိုးသက်တို့သည် လယ်များကို လှည့်ပတ်ကြည့်ရင်း ငါးများကို ဖမ်းယူစားနေသော ဗျိုင်းတစ်ကောင်ကို မြင်လိုက်ရသည်။ ဗျိုင်းသည် ငါးများကိုစားသောက်ရင်း ရေကတွတ်ပေါက်၌ တုံးခနဲလဲကျသွားသည်။ အတောင်နှစ်ဖက်သည်လည်း တဖျပ်ဖျပ် မြေကြီးကိုရိုက်ပုတ်လျက်ရှိသည်။ ထိုမြင်ကွင်းကိုမြင်သော ကျော်သက်နှင့် ဖိုးသက်သည် ဗျိုင်းရှိရာသို့ ပြေးသွားကြသည်။ ဖိုးသက်သည် ဗျိုင်းကို ကောက်ကိုင်လိုက်၏။

"ကျော်သက်ရေ ဗျိုင်းတော့ စလုတ်တင်းပြီး လည်ပင်းမှာ ငါးရိုးဖောက်သွားတာကွ၊ သေတော့မယ် ထင်တယ်"

ကျော်သက်သည် ဖိုးသက်လက်ထဲက ဗျိုင်းကို ယူလိုက်ပြီး-

"ဒါကြောင့် ရှေးလူကြီးသူမတွေပြောတာ အသွားမတော်တော့တစ်လှမ်း၊ အစားမတော်တော့ တစ်လုတ်လို့ပြောခဲ့ကြတာ သိပ်မှန်တာပဲဟေ့။ ရတာကို မတင်းတိမ်နိုင်တော့ အသက်ပါ ပေးဆပ်ရတာပေါ့။ ဗျိုင်းအတွက်တော့ စိတ်မကောင်းစရာပဲကွာ"

"ဟာ ကျော်သက်ကလဲ တရားပြနေရသေးတယ်၊ ပေး အိမ်ရောက်ရင် ကြော်စားပစ်မယ်"

ဖိုးသက်သည် ကျော်သက်ဆီမှဗျိုင်းကို လှမ်းယူပြီး ရွာဘက်သို့ ပြန်လာခဲ့ကြသည်။

(၂)

"မေတ္တာရပ်ဝန်း"ဆိုင်းဘုတ်သည် ရွှေရောင်စာလုံးများကြောင့် ပြိုးပြိုးပြက်ပြက်တောက်ပလျက်ရှိ၏။ ဆိုင်ဖွင့်ရုံပဲရှိသေး လယ်သမားများ တန်းစီတိုးလျက်ရှိပေသည်။

"မောင်ကျော်သက်ရေ ဦးကို ပုလဲသာ အိတ် ၅၀ လောက် အကြွေးပေးပါအုံးကွာ"

"ဩော်... ဘယ်သူများလဲလို့။ ယူပါ ဦးရယ်၊ ပြောစရာလူတွေကြနေတာပဲ။ ဩော် ဒါနဲ့ စပါးရိတ်သိမ်းပြီးရင်တော့ ပေးရမယ်နော်။ တစ်အိတ်ကို တစ်သိန်းနှစ်သောင်း၊ သီတင်းကျွတ် စပါးပေါ်လို့မပေးနိုင်ရင် သုံးကျပ်တိုးနော် ဦး။ မြေဩဇာက သယ်ယူစရိတ်၊အလုပ်သမားခနဲ့ အဲ့ဈေးလောက်ဖြစ်သွားတာ၊ များတယ်လို့မထင်ပါနဲ့။ အဆင်ပြေရင် ယူသွားလေ"

"အဆင်ပြေပါတယ် ငါ့တူရာ။ တို့ရွာအနီးမှာလဲ မင်းရှိနေလို့ တို့တောင်သူလယ်သမားတွေ အဆင်ပြေနေတာ။ ဦးလယ်ကို လာကြည့်ပေးပါအုံး"

"လာကြည့်ပေးပွဲမယ်"

"တိုးအောင်ရေ"

"ဗျာ ဆရာ"

"ဦးသာအောင်ကို ပုလဲသာ အိတ် ၅၀ တင်ပေးလိုက်"

"ဟုတ်ကဲ့ပါ ဆရာ၊ အဆင်ပြေအောင် လုပ်ပေးလိုက်ပွဲမယ်"

တိုးအောင်နောက် ဦးသာအောင် လိုက်သွားသည်ကို ကြည့်ရင်း ကျော်သက်ပြုံးလိုက်သည်။ ထို့နောက် ဖုန်းကိုကောက်ကိုင်လိုက်ပြီး ဂဏန်းတို့ကို နှိပ်လိုက်သည်။ ဖုန်းဝင်သံကြားလိုက်သည်။ သိပ်မကြာလိုက်-

"ဟဲလို အမိန့်ရှိပါရှင်။ ဩဘာဓာတ်မြေဩဇာဆိုင်ကပါရှင်"

"ဟုတ်ကဲ့ ကျွန်တော် ကိုကျော်သက်ပါ။ ပုလဲသာ အိတ်ငါးရာလောက်နဲ့ ပေါင်းသတ်ဆေးတချို့ လိုချင်လို့ပါ"

"ဩော်... ကိုကျော်သက် ဘယ်သူများလဲလို့၊ ရပါတယ်။ ပြောစရာလူတွေကြနေတာပဲ"

"ပုလဲသာက ဘယ်ဈေးနဲ့ထားမှာလဲ။ အများကြီးယူထားတာဆိုတော့ ဖောက်သည်ဈေးထက် လျှော့အုံး မနွယ်"

"ရောင်းဈေးဆို တစ်အိတ် ကိုးသောင်းပေါက်တယ်၊ ကိုကျော်သက်ကတော့ ခုနစ်သောင်းခွဲနဲ့ ယူလေ အိုကေလား"

"အိုကေပါဗျာ"

တစ်ဖက်မှ ဖုန်းချလိုက်သည်။ ကျော်သက်တို့ရွာကလေးသည် တောင်သူလယ်သမားများ အများဆုံးဖြစ်သည်။ ဓာတ်မြေဩဇာဆိုင်ဆိုလို့ ကျော်သက်တစ်ဆိုင်သာရှိသည်။ အပြိုင်အဆိုင်မရှိ။ ဓာတ်မြေဩဇာများကိုလည်း မိမိတင်သောဈေးဖြင့် ရောင်းချနိုင်သည်။ အပြောလည်းကောင်း၊ ဆေးအကြောင်း၊ စပါးပင်အကြောင်းကို နားလည်သော ကျော်သက်အဖို့ ပိုက်ဆံကို အလွယ်တကူရှာဖွေနိုင်သည်။ ရိုးသားကြိုးစားသော ကျော်သက်တစ်ယောက် နာမည်ကောင်းရသည်မှာ အဆန်းတော့မဟုတ်ပေ။

(၃)

"အစ်ကိုရေ သားဆီကဖုန်း၊ အစ်ကိုနဲ့ပြောချင်လို့တဲ့"

ဇနီးဖြစ်သူက လှမ်းပေးလိုက်သော ဖုန်းကို ယူလိုက်သည်။

"အေး လူလေးပြော၊ အဖေ မအားဘူးကွ၊ ဝယ်သူကျနေလို့၊ ဘာကိစ္စတုံး၊ ပိုက်ဆံလိုလို့လား"

"မလိုပါဘူး ဖေကြီးရာ၊ သား ဟိုတစ်ခါပြောထားတဲ့ အကြောင်းလေ၊ သား ကလစ်ဘီးမစီးချင်တော့ဘူး၊ အဲဒါ ပီစီအိတ်ဘီး ပြောင်းစီးချင်တယ်။ သားကို ဝယ်ပေးတော့၊ သူငယ်ချင်းတွေအားလုံး ပီစီအိတ်တွေနဲ့ သားတစ်ယောက်ထဲ ကလစ်ဘီး။ ဝယ်ပေးနော် ဖေကြီး"

ကျော်သက်၏အဖြေစကားကိုမစောင့်ဘဲ သားဖြစ်သူက ဖုန်းကို အရင်ချလိုက်၏။

"သားက ဘာပူဆာပြန်ပြီလဲ အစ်ကို။ ပိုက်ဆံလိုလို့လား"

"ပိုက်ဆံမလိုပါဘူးကွာ။ ပီစီအိတ်ဘီး ပြောင်းစီးချင်လို့တဲ့"

"ဩော်... အစ်ကိုကလဲ ဒီသားတစ်ယောက်ပဲရှိတာ။ သူလဲ တက္ကသိုလ်ကျောင်းသားဖြစ်နေပြီပဲ။ သူများစီးသလို စီးချင်တာပေါ့၊ ဝယ်ပေးလိုက်ပါ"

"အေးကွာငါစဉ်းစားလိုက်အုံးမယ်။ ဒီနှစ်က အရင်းအနှီးများတယ်ကွ။ ငါ ဂိုထောင်ထဲသွားလိုက်အုံးမယ်"

ကျော်သက်သည် ဝါးခမောက်ကိုဆောင်းကာ ဂိုထောင်ရှိရာဆီသို့ ခြေဦးတည်လိုက်သည်။ ဂိုထောင်ကို ရောက်လျှင်ရောက်ချင်း မြေဩဇာအိတ်များကို လှည့်ပတ်ကြည့်သည်။

"တိုးအောင်ရေ ဟိုနေ့က မြေဩဇာအိတ်တွေကို ခွဲထားအုံးနော်၊ ဖိုးသက်တို့ရွာက လာယူလိမ့်မယ်"

"ဆရာ မပြောခင်ကတည်းက ခွဲထားပြီးပြီ။ အားလုံးအဆင့်သင့်ပါပဲ ဆရာ"

"အေးကွာ ငါ့မှာလဲ မင်းတစ်ယောက်ရှိနေလို့ တော်သေး။ မင်းမရှိရင်တော့ ဒီလုပ်ငန်းကို ဘယ်လိုလည်ပတ်ရမယ်မှန်း မတွေးဝံ့စရာပဲ"

"ဟား ဟား ဟား"

တိုးအောင်သည် အားရပါးရ ရယ်လိုက်သည်။

"ဆရာကလဲ ဟာသတွေ သိပ်ပြောတတ်တာပဲ၊ ဆရာ့ကြောင့်သာ ကျွန်တော် ဒီလိုနေနိုင်တာပါ၊ ဆရာ့ကျေးဇူးတွေက မိုးနဲ့မြေလိုပါပဲ"

"မင်း သိပ်စကားတတ်နေ"

ကျော်သက်သည် တိုးအောင်၏ခေါင်းကို ဖြည်းညင်းစွာ ပုတ်လိုက်၏။

"ဆရာ ဒါနဲ့ ဆရာ့ကို အကြံပေးစရာရှိတယ်"

"အမယ် အကြံပေးမယ်ဆိုပဲ၊ ရဖို့ပဲပေး ကုန်ဖို့ဆိုနိုးပဲနော်။ မင်း အလောင်းအစားတွေ လုပ်နေတယ်ဆို။ ငါကြားနေရတယ်"

"မလုပ်ပါဘူးဆရာရယ်" ဒီလိုဆရာရဲ့ မြေဩဇာက တစ်အိတ်ကို တစ်ပိဿာ၊ နှစ်ပိဿာလောက် နှုတ်ပြီး ပြန်ရောင်းမယ်လေ"

ကျော်သက်သည် တပည့်ဖြစ်သူ တိုးအောင်၏ စကားကို ဘဝင်မကျပေ။

"မဖြစ်ဘူး တိုးအောင်၊ ရိုးရိုးသားသားပဲ ကောင်းပါတယ်ကွာ"

"ဟာ ဆရာကလဲ ခုခေတ်မှာ ရိုးနေရင် သူများနောက်ကျန်ခဲ့မှာ ဆရာ။ ဆရာ့ကို မိသားစုလိုသဘောထားလို့ အကြံပေးတာ။ ဆရာ စိုးရိမ်စရာဘာမှမရှိဘူး။ ဒီကတောသားတွေ သူတို့မှာ ပြန်ချိန်ဖို့ ဘာပစ္စည်းရှိလို့လဲဆရာ။ မြေဩဇာအိတ်ရောက်တာနဲ့ လယ်ထဲတန်းပက်ကြတာပဲ။ ကြံဖန်ပြီး ကြောက်မနေနဲ့။ အခွင့်အရေးက တစ်ခါပဲရတာနှစ်ခါမရဘူး။ ရတဲ့အချိန်ယူထားရမှာ ဆရာ့တာဝန်။

စာမျက်နှာ ၂၅ သို့ ➤

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မင်းကင်း ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၀၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းခန့်ရှိပြီး မြေပဲတစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ဦးမြို့နယ် ကူရှာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကူရှာကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကူရှာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၇ ဦးကိုစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မေတ္တာအခါတော်နေ့

– ချောင်းရေတွေလျှံ ကန်ရေတိုးအောင်
ဝါခေါင်မိုးက စွေဖြိုးရွာ။

– မိုးလဝါခေါင် လျှပ်ဝါသန်းလို့
ခတ္တာပန်းတို့ ထုံသင်းဖြာ။

– ဘုရားရှင်တော် ထေရ်မွန်အပေါင်းနဲ့
ဇေတဝန်ကျောင်း စံမြန်းရာ။

– တရားမပိုင် အားကုန်နွမ်းလို့
ငါးရာရဟန်း ပြန်ရောက်လာ။

– ဖြစ်ကြောင်းကုန်စင် လျှောက်ပန်ကြားတော့
မေတ္တာပွားဖို့ မိန့်ကြားမှာ။

– မေတ္တာကိုဆောင် အောင်နိုင်ကြောင်းကွဲ့
ဘေးရန်အပေါင်း ကင်းဝေးကွာ။

– လပြည့်ဝါခေါင် မေတ္တာမွေ့တဲ့
အခါတော်နေ့ ကျင်းပတာ၊
မှတ်ပါ မှတ်ပါ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

➤ စာမျက်နှာ ၂၄ မှအဆက်

ကျော်သက်သည် တပည့်ဖြစ်သူ၏စကားကို သေချာစဉ်းစားနေ၏။ တိုးအောင်သည် ကျော်သက်၏အနေအထားကို အကဲခတ်ပြီး စကားဆက်ပြောရန် ဟန်ပြင်လိုက်၏။

"ဆရာ ဘာမှစဉ်းစားမနေနဲ့။ အိတ်ချုပ်စက်ကို ကျွန်တော်မနက်ဖြန်တက်ဝယ်လိုက်မယ်။ မြေဩဇာတွေကိုနုတ်တာ၊ ချုပ်တာ ကျွန်တော့်တာဝန်ထား။ ဆရာ ခေါင်းညိတ်ဖို့ပဲလိုတာ"

"လုပ်ကွာ တိုးအောင်ရာ၊ ရတဲ့အမြတ်လဲ မင်းဖို့ ပေးပါ့မယ်"

ဆရာတပည့်နှစ်ယောက် လက်ဝါးချင်းရိုက်လျက် တိုးအောင်၏ အစီအစဉ်ကို စတင်အကောင်အထည်ဖော်လိုက်ကြ၏။

(၄)

နေမင်းကြီးသည် တစ်နေ့တာတာဝန် ပြီးဆုံးသည်မို့ အနားယူရန် အနောက်ရိုးမဆီသို့ ဦးတည်နေသည်။ အိပ်တန်းတက် ငှက်ကလေးများသည်လည်း အုပ်စုလိုက် လိုရာအရပ်ဆီသို့ ပျံသန်းလျက်ရှိပေသည်။

နေအလင်းရောင်ပျောက်၍ ညအမှောင်က လွှမ်းမိုးလာတော့သည်။ သက်ရှိများအားလုံး အနားယူရန်ပြင်ဆင်ကြသော်လည်း ကျော်သက်နှင့် တိုးအောင်တို့ ဂိုထောင်ထဲတွင်အလုပ်ရှုပ်နေ၏။ ကျော်သက်က အိတ်ထဲက ဓာတ်မြေဩဇာတချို့ကိုထုတ်ယူပြီး အခြားအိတ်ထဲသို့ ထည့်နေ၏။ ထုတ်ပြီးသားမြေဩဇာအိတ်ကို တိုးအောင်က ပီနံအိတ်ချုပ်စက်ဖြင့် ချုပ်နေသည်။ ဆရာတပည့်နှစ်ယောက် အလုပ်လုပ်ရင်း အချိန်ကုန်မှန်းမသိ ကုန်လာခဲ့သည်။

"တိုးအောင်ရေ ဒါလေးပြီးရင်နားမယ်ကွာ။ နောက်နေ့မှ ဆက်ရအောင်၊ မနက်ဖြန်ပေးဖို့ အိတ်က အလုံအလောက်ရှိပြီကွ"

ကျော်သက်သည် တိုးအောင်အား ကျန်သောအိတ်များကို ထိုးပြလိုက်၏။ လောဘ၏နောက်ဝယ် ရိုးသားမှုကိုရင်နှီးလိုက်ရသော ကျော်သက်တစ်ယောက် ပင်ပန်းမှုကိုမမှုဘဲ ရရှိလာမည့်အမြတ်ငွေကို တွေးကြည့်၍ ပြုံးနေတော့သည်။ ဆရာတပည့်နှစ်ယောက် အလုပ်ကို လက်စသတ်လိုက်၏။

"ကျေးဇူးပါ တိုးအောင်ရာ၊ မင်းအကြံပေးတာ တော်တော်အလုပ်ဖြစ်တာပဲ"

ကျော်သက်သည် အိတ်ထဲက ပိုက်ဆံသုံးသိန်းအုပ်ကိုထုတ်၍ တိုးအောင်ကို လှမ်းပေးလိုက်သည်။

"ရပါတယ် ဆရာရယ်၊ တောသားတွေ ဘာမှမသိပါဘူးလို့ ကျွန်တော်ပြောသားပဲ၊ ဆရာ့ရှေ့ဆက်ချမ်းသာဖို့ပဲရှိတယ် ဟဲ ဟဲ။ ချမ်းသာရင်သာ ကျွန်တော့် မမေ့ပါနဲ့ဆရာ"

"အေးပါကွာ၊ ကဲ မီးတွေပိတ် ပြန်ကြရအောင်"

အမှောင်သည် ကြီးစိုးသည်ထက်ကြီးစိုးလာ၏။ ငှက်ဆိုးထိုးသံများကိုလည်း တစ်ချက်တစ်ချက်ကြားရသည်။

(၅)

တော်သလင်း၊ သီတင်းကျွတ် ပွင့်လင်းသောရာသီသို့ ရောက်ရှိလာသည်။ ကျော်သက်သည် မြေဩဇာဖိုးတောင်းရန် စာရင်းများကို တွက်နေ၏။

"မိန်းမရေ ဒီနှစ်တော့ ပွတာပဲကွာ။ မနှစ်ကထက် နှစ်ဆ သုံးဆပဲ"

ဇနီးမောင်နှံနှစ်ယောက်စကားပြောနေစဉ် ဖုန်းတစ်ကော ဝင်လာသည်။ ဇနီးဖြစ်သူက ကောက်ကိုင်လိုက်ပြီး_

"ဘာ သား ဆိုင်ကယ်မှောက်လို့ ဟုတ်လား"

"အစ်ကိုရေ သား အရေးပေါ်အခြေအနေတဲ့၊ မြန်မြန်လိုက်ပါအုံး ဟီး"

ကျော်သက်သည် အလျင်အမြန်ဆိုသလို ပိုက်ဆံကို လွယ်အိတ်ထဲထည့်၍ ဆိုင်ကယ်ဖြင့် မြို့ဆေးရုံသို့ထွက်ခွာသွားတော့သည်။ ဆေးရုံသို့ရောက်သော်လည်း သားဖြစ်သူကိုမတွေ့ရသေးပေ။ ခဏကြာသော် ပတ်တီးများဖြင့် အသက်ဘေးကလွတ်လာသော သားဖြစ်သူကို တွေ့ရတော့သည်။ ထို့နောက် ဆရာဝန်ဆိုသူက_

"လူနာကတော့ နံရိုးနှစ်ချောင်းကို ထိသွားတယ်။ မျက်နှာကတော့ မြင်တဲ့အတိုင်းပဲ ရှစ်ချက်လောက်ချုပ်လိုက်ရတယ်။ ဆေးရုံကို အချိန်မီရောက်လာလို့ပေါ့ဗျာ။ အဆိုးထဲကအကောင်းလို့ ပြောရမှာပဲ"

ကျော်သက်သည် ဆရာဝန်၏စကားကို သေချာစွာနားထောင်နေသည်။ ကျော်သက်သည် မြေဩဇာအရောင်းဆိုင်ကို ခေတ္တပိတ်ထားလိုက်ရ၏။ သားဖြစ်သူဖြင့် ဆေးရုံတွင် တစ်လခန့်နေလိုက်ရသည်။ အိမ်သို့ပြန်ရောက်လျှင် လုပ်ငန်းများကို ပြန်လည်လည်ပတ်ရန် ကြိုးစားတော့သည်။

"အစ်ကို ဘာရှာနေတာလဲ"

"မြေဩဇာဝယ်တဲ့သူတွေရဲ့ ဘောက်ချာစာအုပ်ရှာနေတာ။ မင်းတွေ့မိသေးလား"

"မတွေ့ပါဘူး"

"သား အက်စီးဒင့်ဖြစ်တဲ့နေ့က စာရင်းလုပ်ပါသေးတယ်။ ဘယ်ရောက်နေလဲမသိဘူး။ တိုးအောင်လဲမတွေ့မိဘူး။ အရေးထဲဆို အဲ့ကောင်က ဘယ်ပျောက်နေတယ်မသိဘူး"

"ဘယ်ရောက်နေလဲတော့မသိဘူး အစ်ကိုရေ၊ ဘောပွဲရှုံးတာတော့ နာမည်ကျော်နေတာပဲ၊ ကြွေးတောင်းတဲ့သူတွေတောင် အိမ်ကို ရောက်လာသေးတယ်"

"ကဲ မင်းစကားဖြတ်လို့ လက်ထဲမှာ ပိုက်ဆံက ရှိတာမဟုတ်ဘူး၊ အစ်ကို ဖိုးသက်တို့ရွာကို မြေဩဇာအကြွေး သွားတောင်းအုံးမယ်"

ကျော်သက်သည် ဆိုင်ကယ်ကိုမောင်းလျက် ထွက်သွားတော့သည်။ ကျော်သက်သည် ဖိုးသက်တို့အိမ်ကို တန်းဝင်လိုက်၏။ ထို့နောက်–

"ဟ ငါ့ကောင်ကြီး မင်းရဲ့သား သက်သာရဲ့လား။ ငါတို့လဲ လယ်သိမ်းနေတာနဲ့ မင်းဆီကိုမလာအားဘူးကွာ။ လာထိုင် ရေနွေးကြမ်းသောက်"

ဖိုးသက်သည် စကားကို ကရားကရေလွှတ်သကဲ့သို့ ပြောနေသော်လည်း ကျော်သက်က မြေဩဇာဖိုးတောင်းရန် မည်သို့နိဒါန်းချီရမည်ကို စဉ်းစားနေသည်။

"ပြီးခဲ့တဲ့ တစ်ပတ်ကတောင် မင်းတပည့်တိုးအောင် မြေဩဇာဖိုးတောင်းလို့ ပေးလိုက်တယ်"

အမှတ်မထင်ကြားလိုက်ရသော ဖိုးသက်စကားကြောင့် ကျော်သက်၏ နားရင်းပါးရင်းများ ပူတက်လာသည်။

"ငါလဲ ပါးစပ်တောင်းဆို မပေးပါဘူးကွာ။ သူက ဘောက်ချာစာအုပ်နဲ့ဆိုတော့ အကုန်ပေးလိုက်ရတယ်"

"ဘုရား ဘုရား ငါ့ငွေတွေတော့ အကုန်ပါသွားပြီထင်တယ်"

ကျော်သက်သည် မည်သူ့ကိုမှစကားမပြောတော့ဘဲ ဆိုင်ကယ်ကို မောင်းကာ ရိတ်သိမ်းထားသော လယ်ကွင်းကိုဖြတ်၍ ရဲစခန်းရှိရာသို့ ဦးတည်လိုက်လေတော့သည်။

# ခွန်အားရှိသောစာ

**ဆူးသစ်**

**"ဓားတွေက တောင်တန်းတွေလောက်များတယ်၊ မီးလျှံတွေက ပင်လယ်လောက်ကျယ်တယ်၊ ဒီဓားတောင်တန်းနဲ့ ဒီမီးပင်လယ်ကို ငါကျော်ဖြတ်မယ်"**

သည်စာသားများကို ဖတ်မိသည်နှင့် စာဖတ်သူတချို့ ဘယ်စာအုပ်ထဲကဆိုသည်ကို သိရှိပြီးဖြစ်နေလိမ့်မည်ထင်ပါသည်။ ဆရာ **"မြသန်းတင့်"**၏ **"ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်"** ဆိုသော လုံးချင်းဝတ္ထု၏ အဖွင့်စာမျက်နှာတွင် ပါဝင်သော "တရုတ်အလုပ်သမား လူငယ်တစ်ဦး၏ ကဗျာတစ်ပုဒ်မှ"ဟု ဖော်ပြထားသည့် ကဗျာစာသားများဖြစ်ပါသည်။

ကျွန်တော်ဖတ်ဖူးခဲ့တာကြာပါပြီ။ ဖတ်ပြီးကြိုက်လွန်း၍ စာအုပ်တစ်အုပ်ဖတ်ပြီးတိုင်းကြိုက်နှစ်သက်ရာ စာသားများကို ကူးထည့်ထားလေ့ရှိသည့် မှတ်စုစာအုပ်ထဲမှာ ကူးရေးထားခဲ့ဖူးပါသည်။ ဘဝမှာအဖုအထစ်များ၊ အဆင်မပြေမှုများ တစ်ခုခုကြုံလာတိုင်း ထိုစာသားလေးများက အတွေးထဲကို ပြေးဝင်လာတတ်ပါသည်။

ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ ကျွန်တော့်ဘဝမှာ ဖတ်ခဲ့ဖူးသောစာများ အတော်အသင့်များခဲ့ပြီ။ ဒီစာတစ်ပိုဒ်တည်းမှမဟုတ်တာ။ အခုတော့ သည်စာတစ်ပိုဒ်ကပင် ကျွန်တော့်အတွက် အားဖြစ်စေနေသလိုပင်။

ဒါမျိုးနောက်ထပ်စာသားတစ်ခုရှိပါသေးသည်။ ကာတွန်းများကိုတွေ့လျှင် ရံဖန်ရံခါ ကောက်ကောက်လုန်တတ်သော အကျင့်ကရှိနေ၍ **"ပန်းချီမြင့်အိုတူး"**၏ **"မုန်တိုင်းနှင်းဆီ"**ဆိုသော ကာတွန်းစာအုပ်ထဲမှ ပင်တိုင်ဇာတ်ကောင် "ဒီရဲဂျာ"၏ ဆိုစကားလေးတစ်ခုကို ကျွန်တော်ဖတ်မိခြင်းပင်။

**"ယှဉ်ပြိုင်တိုက်ခိုက်မှုတိုင်းမှာ အနိုင်ရဖို့ ငါမွေးဖွားလာခဲ့တယ်"** (ဒီရဲဂျာ)ဆိုသော စာသား။

"ဓားတောင်"ကို ဖတ်ပြီးချိန်မှာ သည်စာသားကို ဖတ်ရသော်လည်း စာသားလေးက တစ်ကြောင်းတည်းဖြစ်၍ထင်ပါသည်။ ခေါင်းထဲမှာ ပိုမှတ်မိလွယ်နေသည်။ စာအုပ်ထဲမှာ ထည့်မမှတ်ဘဲ ယှဉ်ပြိုင်မှုများကြုံတိုင်း ကျွန်တော့်ခေါင်းထဲကနေ တစ်ဆင့် နှုတ်ဖျားကို ပြေးဝင်လာတတ်သော စာသားလေးပင်။

သည်စာများက ကျွန်တော့်လို လူတစ်ယောက်ကို ဘာဖြစ်လို့ သည်လောက်ချုပ်ကိုင်နေရသလဲ။ ကျွန်တော်ကိုယ်တိုင်က ထစ်ခနဲရှိ ခေါင်းထဲ၊ ရင်ထဲမှာ စွဲမြဲစွာ ခံယူမှတ်သားတတ်လို့လား။ သည်လိုတော့ ဖြင့် မဟုတ်ပါ။ ကျွန်တော်ဖတ်ခဲ့သော စာတိုင်းသာ မှတ်မိမည်ဆိုလျှင် ကွန်ပျူတာက Hard Disk ပင် ကျွန်တော့်မှတ်ဉာဏ်ကို အရှုံးပေးရမည်။

အဖြေက တစ်ခုပဲရှိပါသည်။ လူတစ်ယောက်တစ်ခုခုကို စွဲလမ်းနှစ်သက်ပြီး လွန်လွန်ကျွံကျွံ ဖြစ်လာလျှင် ကြည့်လိုက်ပါ။ သူနှင့်သူစွဲလမ်းသော အရာများကြားတွင် တူညီမှုများရှိနေ၍ဖြစ်သည်။

ဥပမာ-ကဗျာဆရာ၊ စာရေးဆရာ **မောင်စိန်ဝင်း (ပုတီးကုန်း)**၏ ကဗျာများကို ဆယ်ကြိမ်ထိ ပြန်ထုတ်ရသည်။ ဘာကြောင့်နည်း။ သူ့ကဗျာ၏ အသံ၊ ကာရန်၊ အကြောင်းအရာများကို ထပ်တူခံစား၍ရသူများ၍ပင်။ ကျွန်တော်လည်း ထိုကဗျာများထဲက တချို့ကိုစွဲလမ်းနှစ်ခြိုက်၍ အလွတ်ရခဲ့ရာ ကဗျာများ၏ တချို့အချက်များသည် ကျွန်တော့် ခံယူချက်နှင့် သွားကိုက်ညီ၍ ထပ်တူခံစားရသလို ဖြစ်ကာ အလွတ်ရသွားခဲ့သည်မျိုးဖြစ်သည်။ ဒါက နှလုံးသားနှင့်ပတ်သက်၍၊ ခံစားမှုနှင့်ပတ်သက်၍ တချို့စာများက ကျွန်တော်တို့ကို ချုပ်ကိုင်သွားနိုင်ခြင်းပင်။

ဘဝအတွက် အားမာန်၊ သတ္တိ၊ ခွန်အား စသည့် အရာများအတွက်ဆိုလျှင်တော့ အထက်တုန်းက ကျွန်တော်ဆိုခဲ့သလို **"ဓားတောင်"**ထဲကစာ၊ **"ဒီရဲဂျာ"**၏ စာများက ကျွန်တော်နှင့်တိုက်ဆိုင်မှုရှိ၍ ချုပ်ကိုင်သွားနိုင်ပြီး ကျန်သူများပါ တိုင်ဆိုင်မှုရှိလျှင် ထိုစာသားများကို နှစ်ခြိုက်ပြီး အမြဲမှတ်မိကာ ကျွန်တော့်လိုဖြစ်မှာ အသေအချာပင်။

အချစ်၊ အလွမ်း၊ ကဗျာသီချင်းများက ကျွန်တော်တို့ကို လွှမ်းမိုးနိုင်သည့်အခါရှိရမည်။ ဘဝထဲမှာ ရုန်းကန်နေရချိန်တွင် ခွန်အားရှိသော စာများက ကျွန်တော်တို့ကို လွှမ်းမိုးသည့်အခါရှိမည်။ သူ့နေရာနှင့်သူ အံဝင်ခွင်ကျရှိနေမည်က သေချာသည်။ သို့သော် ခွန်အားရှိသောစာက ရှာဖွေရခက်တတ်ပြီး ချစ်၊ မုန်း၊ လွမ်း စာသားများက ကျွန်တော်တို့ရှိရာ နေရာတိုင်းမှာ ပြည့်လျှံနေတတ်ရာ စာထဲက အားဖြစ်စေသည့် စာအုပ်မျိုးကို ရှာတတ်မှရှာနိုင်မှ တော်ကာကျပေမည်။

ဘဝမှာ လူတိုင်းလိုလို ချစ်နိုင်၊ လွမ်းနိုင်သည်။ သို့သော် ဘဝမှာ စိတ်ညစ်၊ စိတ်ပျက်စရာများကြုံပြီး နာလန်ထနိုင်အောင်လုပ်ဖို့ကတော့ တော်တော်ခဲယဉ်းသည်။ ရှုံးနိမ့်၍ အလွယ်တကူ စိတ်ပျက်နိုင်သည်။ စိတ်ကို ပြန်တည်ဆောက်ဖို့ကျတော့ မလွယ်နိုင်ပေ။

အသိုင်းအဝိုင်းကောင်း၊ ပင်ကိုအခံကောင်းပါမှ လွှင့်မသွားမည်ဖြစ်သည်။ ထိုသို့ မဟုတ်ပါက ခွန်အားရှိသောစာများကို များများဖတ်၊ စိတ်နှလုံးသွင်းဖို့ ကြိုးစားမှဖြစ်မည်။ ထိုနှစ်ချက်နှင့် မညီလျှင်တော့ တော်ရုံဒုက္ခနှင့်ပင် ဘဝပျက်မတတ်ဖြစ်နေသူများလို အရာရာတိုင်းကို အလွယ်တကူ အရှုံးပေးနေတော့မည်။

ကျွန်တော်လည်း ဘဝမှာစိတ်ပျက်စရာများ တော်တော်ကြုံခဲ့ဖူးသည်။ မိသားစုနှင့်၊ သူငယ်ချင်းနှင့်၊ ပညာရေးနှင့် စသည်ဖြင့် စုံနေအောင် စိတ်ပျက်စရာများပုံခဲ့သည်။ သို့သော် ကျွန်တော့်ဝန်းကျင်သည် စာပေအသိုင်းအဝိုင်းဖြစ်သည်။ အဖေက စာပေလောကထဲက၊ သူငယ်ချင်းများက စာကြမ်းပိုးများ။ သည်နှစ်ချက်နှင့်ပင် ကျွန်တော်က စာအုပ်များထဲမှာ စိတ်ပျက်စရာများကို နှစ်မြှုပ်ထားနိုင်ခဲ့သည်။

တက်ကျမ်းများကို သဲသဲမဲမဲ ဖတ်နေစဉ်တုန်းက **"ဆရာဖေမြင့်"** ၏ **"မဖြစ်နိုင်ဘူးဆိုတာ သေချာပြီလား"**ဆိုသောစာအုပ်ကို သူငယ်ချင်းတစ်ယောက်ဆီက ငှားဖတ်ဖူးသည်။ နောက်တော့ ထိုသူငယ်ချင်းကပင် လက်ဆောင်ဝယ်ပေး၍ ကျွန်တော့်ကိုယ်ပိုင်စာအုပ်ဖြစ်လာသည်။ ထို **"မဖြစ်နိုင်ဘူးဆိုတာ သေချာပြီလား"**ဆိုသည့် စာသားကလည်း ကျွန်တော့်ခေါင်းထဲတွင် အမြဲရှိနေပြီး ကျွန်တော့်မှာ အခက်အခဲကြုံတိုင်း တပ်လှန့်ပေးခဲ့သော စာသားဖြစ်လာခဲ့သည်။ အဖုံးက စာသားကိုမြင်နိုင်ရန် ကျွန်တော့် စာအုပ်ပုံ၏ အပေါ်ဆုံးစာအုပ်အဖြစ် အပေါ်ဆုံးမှာပင် ကျွန်တော်တင်ထားလေ့ရှိသည်။

တစ်ခုခုကို လက်လျှော့မည်ကြံတိုင်း ထိုစာသားက ခေါင်းထဲကထွက်လာသည်။ **"ဒီရဲဂျာ"**၏ စာသားနှင့် **"ဆရာဖေမြင့်"**၏စာသားတို့သည် ကျွန်တော့်မှာ အခက်အခဲကြုံတိုင်း အလိုလိုပေါ်ပေါက်လာတတ်သော စာသားများဖြစ်သည်။ **"ဆရာမြသန်းတင့်"** ၏ "ဓားတောင်" စာသားကတော့ များသောအားဖြင့် ဘဝ၏အခက်အခဲများကို တစိမ့်စိမ့်တွေးတိုင်း၊ ရှေ့ရေးကို မျှော်ကြည့်သုံးသပ်မိတိုင်း ရေရွတ်မိသော စာသားများပင်။

အားလုံးကတော့ ကျွန်တော့်ကို ခွန်အားဖြစ်စေသည်မှာသေချာသည်။ ထိုစာသားများကြောင့်ပင် ကျွန်တော်မလုပ်နိုင်ဘူးထင်သည်များ လုပ်ဖြစ်ခဲ့သည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်တက်စဉ်က လူကခပ်ပိန်ပိန်၊ ကျန်းမာရေးမကောင်း၍ ဆေးခန်းခဏခဏသွားရမည်ဟု ထင်ထားသော သူငယ်ချင်းများကြားမှာ ကျွန်တော့်စိတ်ကို မာန်တင်းရင်း ဖြတ်သန်းခဲ့ရာ သင်တန်းဆင်းတော့ သင်တန်းသား ပထမဆုကို ကျွန်တော်ရခဲ့သည်။

ကျွန်တော် ဆိုလိုချင်သည်က ကျွန်တော့်ဂုဏ်ကို ဖော်၍ ညွှန်းရန်မဟုတ်ဘဲ ကျွန်တော့်ကို အနားကပ်ပြီး တဖွဖွမှာနေသလို စာများရှိနေခဲ့၍ ဆိုသည်ကို သိစေချင်၍ပင်။

ဖတ်စရာ စာပေများစွာရှိပါသည်။ လူငယ်ကြိုက်များကလည်းများမှများ။ သူ့နေရာနှင့်သူ နေရာယူနေကြသည်။ ကျွန်တော်လည်း အချစ်၊ အလွမ်းများ ခံစားတတ်ပါသည်။ သို့သော် အချိန်ကို အလုပ်ဘက်မှာ များများပေးထား၍ အချစ်ဝတ္ထုများလည်း ဝေးကွာနေပါပြီ။ စာဖတ်ဖို့ပင် မနည်းကြိုးစားနေရသည်။

ထိုအချိန်မျိုးမှာ စာအုပ်ကောင်းများရလျှင်တော့ အချိန်လုပြီးဖတ်ရပါတော့သည်။ သေချာသည်ကတော့ ကျွန်တော့်အတွက် အကျိုးမရှိဘူးထင်သော စာများကို အချိန်ကုန်ခံ၍ မဖတ်ဖြစ်တော့ပေ။ ထိုအခါ ဘဝအတွက် တိုးတက်ရာ၊ တိုးတက်ကြောင်းနှင့် စိတ်ဓာတ်ခွန်အားများ မြှင့်တင်ပေးမည့် စာသားများ ထပ်မံကြုံရပြန်ပါသည်။ ယခု သုံးဆယ်ဝန်းကျင်မို့လားမသိ။ နှစ်ဆယ်ကျော်လူငယ်ဘဝက တက်ကြွသော စိတ်နှင့်စွဲခဲ့သော စာမျိုး ကျွန်တော့်ဦးနှောက်နှင့် နှလုံးသားထဲထိ ရောက်မလာတော့ပေ။

သည်တော့မှ လူငယ်ဘဝ၏ လွတ်လပ်တက်ကြွမှု၊ အားမာန်ရှိမှုကို ပြန်လွမ်းချင်လာသည်။ ဟိုစဉ်က ဘာပဲလုပ်လုပ်၊ လူငယ်စိတ်နှင့် တက်တက်ကြွကြွ ရှိခဲ့သည်ကိုး။ စိတ်ပြင်းပြနေချိန်မှာ ခွန်အားရှိသော စာများက ရင်ထဲခေါင်းထဲ ဒိုင်းခနဲ ပြေးဆောင့်ပြီး ချက်ချင်းပင် အားလုံးကို အနိုင်ယူပစ်ချင်စိတ် ဖြစ်နေတတ်သည်။ လူငယ်ဘဝနှင့် ဖတ်ရသော စာထဲက အားမာန်များက တူညီမှုရှိနေ၍ဖြစ်သည်။

လူငယ်များကို ဆိုပါရစေ။ အချိန်နှင့် အရွယ်ရတုန်း ခွန်အားရှိသောစာများကို ဖတ်ကြည့်စမ်းပါ။ ဘဝမှာ တကယ့်ကို အားနှင့်မာန်နှင့်လုပ်ရင်း ကျေနပ်စရာဘဝများ၊ အောင်မြင်မှုများ ရလာပါလိမ့်မည်။ ပန်းခင်းသောလမ်းကို လျှောက်ရမည်ဟု မည်သူမျှ ယတိပြတ်မပြောရဲပါ။ ဆုံးရှုံးမှု၊ ဒုက္ခစသည်များနှင့် ကြုံလျှင် ဝမ်းစာပြည့်နေစေရန် ဖတ်သင့်သည်က ခွန်အားရှိသောစာများဆိုသည်ကို ကျွန်တော်ရဲရဲကြီး ပြောရဲပါသည်။

တွေဝေခြင်း၊ အရှုံးပေးခြင်းများနှင့် ဘဝကို မကုန်လွန်ပါစေနှင့်။ ရတုန်းရခိုက် လူငယ်ဘဝမှာ ခွန်အားရှိသောစာများကို ရှာဖတ်နိုင်ပြီး နှလုံးသွင်းနိုင်ပြီဆိုလျှင်ဖြင့် တက်ကြွသော အားမာန်၊ ထက်သန်သော လုံ့လဝီရိယဖြင့် ဘဝတိုက်ပွဲကိုအောင်နိုင်သော လူငယ်များစွာကို မြင်တွေ့ရလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။

> **❖ဘဝအတွက် အားမာန်၊ သတ္တိ၊ ခွန်အား စသည့်အရာများအတွက်ဆိုလျှင်တော့ အထက်တုန်းက ကျွန်တော်ဆိုခဲ့သလို "ဓားတောင်" ထဲကစာ၊ "ဒီရဲဂျာ"၏စာများက ကျွန်တော်နှင့်တိုက်ဆိုင်မှုရှိ၍ ချုပ်ကိုင်သွားနိုင်ပြီး ကျန်သူများပါ တိုင်ဆိုင်မှုရှိလျှင် ထိုစာသားများကိုနှစ်ခြိုက်ပြီး အမြဲမှတ်မိကာ ကျွန်တော့်လိုဖြစ်မှာ အသေအချာပင်။ အချစ်၊ အလွမ်း၊ ကဗျာသီချင်းများက ကျွန်တော်တို့ကို လွှမ်းမိုးနိုင်သည့်အခါရှိရမည်။ ဘဝထဲမှာ ရုန်းကန်နေရချိန်တွင် ခွန်အားရှိသောစာများက ကျွန်တော်တို့ကို လွှမ်းမိုးသည့်အခါရှိမည်။ သူ့နေရာနှင့်သူ အံဝင်ခွင်ကျရှိနေမည်က သေချာသည်။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ဂရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်း(ကဝေစု) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းကုန်း(ကဝေစု)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၀ ဒသမ ၈၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

# ကျုံပျော်မြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးစန္ဒာက ပြောပြသည်။

ကျုံပျော်မြို့နယ်မှထွက်ရှိသည့် ငါးတန်များကို ဩဂုတ် ၁ ရက်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါငါးတန်များ နေ့စဉ် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ လတ်တလောအနေနဲ့တော့ ငါးတန်တွေက ဝယ်လိုအား ကောင်းနေပါတယ်။ ဈေးနှုန်းကတော့ ဝယ်ယူတဲ့ပိဿာချိန်နဲ့ ငါးလတ်ဆတ်မှုအပေါ် မူတည်ပြီး အပြောင်းအလဲရှိပါတယ်။ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေ လုပ်ငန်းအဆင်ပြေလာပါတယ်"ဟု ကျုံပျော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးစန္ဒာက ပြောပြသည်။



ကျုံပျော်မြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးတန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်နှင့် အခြားဒေသများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# သရက်မြို့နယ် သာယာကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

သရက် ဩဂုတ် ၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုးပင်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကျေးလက်နေပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သာယာကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လှ

# သာစည်မြို့နယ် ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ကြက်မောက်ကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချမ်းသာကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချမ်းသာကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၄ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# စနေနေ့ညကစားမဲ့ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်မှာ တိုက်စစ်ကစားပုံကောင်းနေတဲ့ ကိုဗင်ထရီအသင်း၊ ဆွမ်ဆီးအသင်း၊ နော့ဝှစ်အသင်းတို့ကို ရွေးရမှာပါ

ML



ဒီတစ်ပတ်စနေနေ့ညမှာတော့ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲတွေ ပြန်လည်စတင်မှာဖြစ်ပါတယ်။ လက်ရှိမှာ အသင်းအားလုံးဟာ ရာသီသစ်အတွက် ကစားသမားသစ်ဖြည့်တင်းမှုတွေ ဆက်တိုက်ပြုလုပ်နေခဲ့ပြီး ခြေစမ်းပွဲစဉ်တွေကစားနေတာကို တွေ့ရမှာပါ။ ယခင်က ချန်ပီယံရှစ်ပြိုင်ပွဲကို ပရီးမီးယားလိဂ်ပြိုင်ပွဲလောက်ပရိသတ်စိတ်ဝင်စားမှုမများပေမဲ့ နောက်ပိုင်းမှာ လူငယ်ကစားသမားကောင်းတွေ များစွာပေါ်ထွက်လာတာဖြစ်လို့ ဘောလုံးပရိသတ်တွေအကြိုက်တွေ့လာတဲ့ ပြိုင်ပွဲတစ်ခုလဲဖြစ်ပါတယ်။ ချန်ပီယံရှစ်ပြိုင်ပွဲကတော့ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းကို အိမ်ကွင်းအဝေးကွင်းနှစ်ကျော့ကစားရတာဖြစ်ပြီး အဆင့်(၁)၊ အဆင့်(၂) ရတဲ့အသင်းက ပရီးမီးယားလိဂ်ကို တိုက်ရိုက်တန်းတက်ခွင့်ရမှာဖြစ်ပါတယ်။ ဒ့ါပြင် အဆင့်(၃) ကနေအဆင့်(၆) ထိ အသင်းလေးသင်းကလဲ play-off ကစားခွင့်ရမှာဖြစ်သလို ဗိုလ်လုပွဲမှာ ဆုဖလားရတဲ့အသင်းက တတိယမြောက်တန်းတက်ခွင့်ရတာကြောင့် ပွဲစဉ် (၁) ကနေ နောက်ဆုံးပွဲစဉ်ထိ အကြိတ်အနယ်ရှိတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ လာမဲ့စနေနေ့ညအဖွင့်ပွဲစဉ်မှာတော့ တိုက်စစ်ကစားပုံထက်မြက်ပြီး အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းတွေကိုပဲ ရွေးရမှာပါ။

### ကိုဗင်ထရီအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ ကိုဗင်ထရီအသင်းနဲ့ဟူးလ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကိုဗင်ထရီအသင်းဟာ အခုပြောင်းရွှေ့ကာလမှာ ပရီးမီးယားလိဂ်က လူငယ်ကစားသမားကောင်းတွေကို ထပ်မံဖြည့်တင်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအကြိုခြေစမ်းပွဲလေးပွဲကစားခဲ့ရာမှာတော့ မိုနာကိုအသင်းကို ငါးဂိုးဂိုးမရှိနဲ့ရှုံးခဲ့ပေမဲ့ ကစားပုံကထင်သလောက်ဆိုးရွားခဲ့ခြင်းမရှိဘူးလို့ ဆိုရမှာပါ။ အဲဒီပွဲစဉ်ဟာ ကစားသမားစုဖွဲ့မှုကွာဟချက်ကြောင့်သာ မိုနာကိုအသင်းကို ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပြီး ဘရစ္စတိုးရိုဗာအသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုးဂိုးမရှိ၊ ဘက်တစ်အသင်းနဲ့ ပွဲစဉ်မှာတစ်ဂိုးစီသရေ၊ စိန့်ပေါ်လီနဲ့ပွဲစဉ်မှာ နှစ်ဂိုးစီသရေကစားနိုင်ခဲ့တာကိုကြည့်ရင် တိုက်စစ်ပိုင်းထက်မြက်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းကိုတော့ ပရီးမီးယားလိဂ်အတွေ့အကြုံကောင်းတွေရှိတဲ့ နည်းပြလမ်းပတ်က တာဝန်ယူနေတာဖြစ်လို့ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းနဲ့ အသင်းလိုက်ကစားပုံတည်ဆောက်ရာမှာ အားသာချက်ရှိနေတာကို တွေ့ရမှာပါ။

ဟူးလ်အသင်းဟာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီပြီးဆုံးချိန်မှာ တူကီယဲကလပ် ကေဆီရီစပေါ်အသင်းနည်းပြ ဂျာကီရိုဗစ်ကိုခန့်အပ်လိုက်တာဖြစ်ပါတယ်။ ဟူးလ်အသင်းကလဲ လာမဲ့နှစ်မှာပရီးမီးယားလိဂ်ကို တန်းတက်နိုင်ဖို့ရည်မှန်းထားတာကြောင့် နည်းပြသစ်အပြင် မန်စီးတီးကအန်ဒယ်လာ၊ ထရာဗွန်စပေါ်က လမ်းစတန်း၊ ဒက်စတန်းတို့လို့ ကစားသမားတွေ အားဖြည့်ခဲ့တာကိုတွေ့ရမှာပါ။ ရာသီအကြိုခြေစမ်းပွဲလေးပွဲကစားခဲ့ရာမှာတော့ ကာဆင်ပါဆာအသင်းကို တစ်ဂိုးဂိုးမရှိ၊ စတော့ပို့ကောင်တီအသင်းကိုတစ်ဂိုးဂိုးမရှိ၊ ဆန်းဒါးလန်းအသင်းကိုနှစ်ဂိုးတစ်ဂိုး၊ ဂီတာဖေးအသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဲဒီပွဲစဉ်တွေမှာ ခံစစ်ကစားပုံသာကောင်းခဲ့ပြီး တိုက်စစ်ကတော့ ဂိုးရဖို့ အခက်တွေ့နေတာဖြစ်ပါတယ်။ ကိုဗင်ထရီအသင်းဟာ ဟူးလ်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ ငါးပွဲဆက်မှာ တစ်ပွဲစီနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့သလို လက်ရှိစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံမှာလဲ ဟူးလ်အသင်းထက်သာနေတာဖြစ်ပါတယ်။ ဒ့ါပြင် ကိုဗင်ထရီဟာ အိမ်ကွင်းအားသာချက်နဲ့ ကစားရမှာဖြစ်လို့ အခုပွဲစဉ်မှာ ကိုဗင်ထရီအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ကိုဗင်ထရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆန်းဒါးလန်း | ၁ | - | ၁ | ကိုဗင်ထရီ |
| ကိုဗင်ထရီ | ၀ | - | ၅ | မိုနာကို |
| ဘရစ္စတိုး | ၀ | - | ၂ | ကိုဗင်ထရီ |
| ကိုဗင်ထရီ | ၁ | - | ၁ | ဘက်တစ် |
| ကိုဗင်ထရီ | ၂ | - | ၂ | စိန့်ပေါ်လီ |

**ဟူးလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပို့စ်မောက် | ၁ | - | ၁ | ဟူးလ် |
| ဟူးလ် | ၁ | - | ၀ | ကာဆင်ပါဆာ |
| စတော့ပို့ကောင်တီ | ၀ | - | ၁ | ဟူးလ် |
| ဟူးလ် | ၂ | - | ၁ | ဆန်းဒါးလန်း |
| ဟူးလ် | ၀ | - | ၀ | ဂီတာဖေး |

### ဆွမ်ဆီးအသင်းကို ရွေးရမှာပါ

စနေနေ့ညကစားမဲ့ ချန်ပီယံရှစ်ပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ မစ်ဒယ်ဘရော့အသင်းနဲ့ ဆွမ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မစ်ဒယ်ဘရော့အသင်းက နည်းပြကာရစ်ကို ထုတ်ပယ်ပြီး နောက်ပိုင်းဝေးလ်အသင်းနည်းပြ အက်ဝက်ဒ်ကို ခန့်အပ်ခဲ့တာကိုတွေ့ရမှာပါ။ နွေရာသီအပြောင်းအရွှေ့မှာလဲ သူတို့အသင်းဟာ ကစားသမားဖြည့်တင်းမှုသိပ်မလုပ်ခဲ့ဘဲ အသင်းက အဓိကကစားသမားတွေကိုပဲ ဆက်လက်ထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲလေးပွဲကစားခဲ့ရာမှာတော့ မန်ဖီးလ်အသင်းကို သုံးဂိုးစီသရေ၊ ဘရက်ဖို့ဒ်အသင်းကိုနှစ်ဂိုးဂိုးမရှိ၊ ရိန်းဂျားအသင်းကိုနှစ်ဂိုးစီသရေ၊ ဟာတယ်ပူးလ်အသင်းကို တစ်ဂိုးစီသရေနဲ့ နိုင်ပွဲမရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ ရာသီကြိုပြင်ဆင်မှုက အားရစရာမရှိဘဲအသင်းငယ်တွေကိုတောင် ပေးဂိုးတွေများပြီး နိုင်ပွဲမရခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့်အခုပွဲစဉ်မှာလဲ အိမ်ကွင်းဖြစ်ပေမဲ့ ဆွမ်ဆီးတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ခဲမှာ သေချာပါတယ်။

ဆွမ်ဆီးအသင်းက ပြီးခဲ့တဲ့ရာသီမှာ အစွမ်းကုန်ကြိုးစားခဲ့ပေမဲ့ ရာသီပိတ်သိမ်းချိန်မှာ အဆင့် (၁၁) နေရာသာ ရပ်တည်နိုင်ခဲ့လို့ တန်းတက်ခွင့်အတွက် play-off ဝင်ခွင့်နဲ့ လွဲခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲသူတို့အသင်းဟာ ကစားသမားသစ်ထပ်မံခေါ်ယူနိုင်ခြင်းမရှိတာကြောင့် မစ်ဒယ်ဘရော့အသင်းလို စုဖွဲ့မှုအားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာတော့ စတီဗင်နေ့ချ်အသင်းကိုသုံးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပေမဲ့ ချယ်တင်ဟမ်အသင်းကို နှစ်ဂိုးတစ်ဂိုး၊ အိတ်ခ်တာအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကိုကြည့်ရင် သူတို့အသင်းလဲ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဆွမ်ဆီးအသင်းဟာ အဝေးကွင်းပွဲစဉ်ဖြစ်တာကြောင့် ခံစစ်အားပြုကစားမယ်ဆိုရင်တော့ မစ်ဒယ်ဘရော့တိုက်စစ်ကို ထိန်းချုပ်နိုင်မှာပါ။ ဒ့ါပြင် ဆွမ်ဆီးအသင်းဟာ ရာသီအစပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေရယူတတ်တဲ့ အစဉ်အလာကောင်းတွေရှိနေတာကလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ မစ်ဒယ်ဘရော့အသင်းကို ဖိအားပေးနိုင်မဲ့ အချက်ဖြစ်နေပါတယ်။ ဒါကြောင့် အခုပွဲမှာ တိုက်စစ်ကစားပုံထက်မြက်ပြီး အဖွင့်ပွဲစဉ်တွေမှာ ရလဒ်ကောင်းလေ့ရှိတဲ့ ဆွမ်ဆီးအသင်းကိုပဲ ရွေးရမှာပါ.

**မစ်ဒယ်ဘရော့အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မစ်ဒယ်ဘရော့ | ၀ | - | ၀ | နော့ဝှစ် |
| ကိုဗင်ထရီ | ၂ | - | ၀ | မစ်ဒယ်ဘရော့ |
| ဘရက်ဖို့ဒ် | ၂ | - | ၀ | မစ်ဒယ်ဘရော့ |
| ရိန်းဂျား | ၂ | - | ၂ | မစ်ဒယ်ဘရော့ |
| ဟာတယ်ပူးလ် | ၁ | - | ၁ | မစ်ဒယ်ဘရော့ |

**ဆွမ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကျူပီအာ | ၁ | - | ၂ | ဆွမ်ဆီး |
| မီဝေါလ် | ၁ | - | ၀ | ဆွမ်ဆီး |
| ဆွမ်ဆီး | ၃ | - | ၃ | အောက်ဖို့ဒ် |
| ချယ်တင်ဟမ် | ၂ | - | ၁ | ဆွမ်ဆီး |
| အိတ်ခ်တာ | ၁ | - | ၀ | ဆွမ်ဆီး |

### နော့ဝှစ်အသင်း ရလဒ်ကောင်းမှာပါ

ချန်ပီယံရှစ်အဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့အသင်းကတော့ နော့ဝှစ်အသင်းနဲ့ မီဝေါလ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုမှာတော့ မီဝေါလ်အသင်းကသုံးဂိုးတစ်ဂိုးနဲ့နိုင်ပွဲရထားပေမဲ့ နော့ဝှစ်အသင်းအိမ်ကွင်းမှာတော့ မီဝေါလ်အသင်းကတစ်ပွဲမှ နိုင်ပွဲရခဲ့ခြင်းမရှိတာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ နော့ဝှစ်အသင်းဟာပရီးမီးယားလိဂ်တန်းတက်ဖို့ ရည်မှန်းချက်ရှိနေတာကြောင့် ခံစစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်းမှာအတွေ့အကြုံရှိတဲ့ ကစားသမားတွေကို အားဖြည့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ရာသီကြိုခြေစမ်းပွဲစဉ်ခြောက်ပွဲထိကစားခဲ့ပြီး ပြင်ဆင်မှုတွေလုပ်ဆောင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီခြောက်ပွဲမှာတော့ နော်သမ်တန်အသင်းကို သုံးဂိုးတစ်ဂိုး၊ ဗိုလန်ဒန်အသင်းကို တစ်ဂိုးစီသရေ၊ အိုလံပီယာကို့စ်အသင်းကို သုံးဂိုးဂိုးမရှိနဲ့ရှုံးခဲ့ပြီး ဒန်းဟတ်အသင်းကိုဂိုးမရှိသရေ၊ ဘရီဒါအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ပထမအကျော့မှာရှုံးခဲ့ပေမဲ့ ဒုတိယအကျော့မှာ နှစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်က အိမ်ကွင်းမှာခြေစွမ်းပြနိုင်ပေမဲ့ အဝေးကွင်း မှာတော့ ပေးဂိုးများနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာလဲ ခံစစ်ကစားပုံပြင်ဆင်နိုင်မယ်ဆိုရင် မီဝေါလ်အသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။

မီဝေါလ်အသင်းကတော့ ချန်ပီယံရှစ်ပြိုင်ပွဲမှာ အိမ်ကွင်းကစားပုံမာကျောတဲ့ အသင်းဖြစ်ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်ပါတယ်။ သူတို့အသင်းကလဲပြီးခဲ့တဲ့ ရာသီမှာအဆင့်(၈) သာရပ်တည်နိုင်ခဲ့လို့ play-off ကစားခွင့်မရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ ကစားသမားသစ်ထပ်မံခေါ်ယူနိုင်ခြင်းမရှိဘဲ ရာသီကြိုပြင်ဆင်မှုတွေလုပ်ခဲ့တာကြောင့် ပဲလေ့စ်အသင်းကို တစ်ဂိုးဂိုးမရှိ၊ အယ်ချီအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပြီး နော်သမ်တန်၊ ဝင်ဘယ်တန်၊ ဆက်တန်အသင်းတို့လို ခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းတွေကိုသာ နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ အဓိကဂိုးသမားဂျန်ဆမ်ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ခံစစ်ပိုင်းအားနည်းချက်ရှိလာမှာသေချာပါတယ်။ သမိုင်းတစ်လျှောက် သူတို့နှစ်သင်းတွေ့ဆုံမှု ၁၆ ကြိမ်မှာ နော့ဝှစ်ကို ၁၀ ပွဲရှုံး၊ သုံးပွဲသရေ၊ သုံးပွဲသာအနိုင်ရခဲ့တာကြောင့် နော့ဝှစ်အသင်းအိမ်ကွင်းမှာ ရမှတ်ရနိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အစဉ်အလာရ အိမ်ကွင်းမှာ မီဝေါလ်အသင်းကို ရှုံးနိမ့်ဖူးခြင်းမရှိတဲ့ နော့ဝှစ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**နော့ဝှစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော့ဝှစ် | ၁ | - | ၁ | ဗိုလန်ဒမ် |
| အိုလံပီယာကို့စ် | ၃ | - | ၀ | နော့ဝှစ် |
| ဒန်းဟတ် | ၀ | - | ၀ | နော့ဝှစ် |
| နော့ဝှစ် | ၀ | - | ၁ | ဘရီဒါ |
| နော့ဝှစ် | ၂ | - | ၀ | ဘရီဒါ |

**မီဝေါလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၀ | မီဝေါလ် |
| မီဝေါလ် | ၃ | - | ၀ | နော်သမ်တန် |
| အယ်ချီ | ၂ | - | ၁ | မီဝေါလ် |
| ဝင်ဘယ်ဒမ် | ၀ | - | ၃ | မီဝေါလ် |
| ဆက်တန် | ၂ | - | ၆ | မီဝေါလ် |

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇ - ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

နေပြည်တော်နေ ဒေါ်ခင်သက်ဌေး၏ ခင်ပွန်း၊ ကိုတာရာမြင့်ဆွေ-မခင်သက်ထားဆွေ၊ ကိုကျော်ဘုန်းမြင့်-မဖူးဖူးဖေတို့၏ ဖခင်၊ မြေး ၄ ယောက်တို့၏ အဖိုး ဦးမြင့်ဆွေသည် ၇- ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီးနှင့်**
**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့၊ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇ - ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ၊**
**ဒုတိယဝန်ကြီးနှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ၊**
**ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၀၈:၂၈ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**အဖိုးတန် ရေချိုကို ချွေတာပါ**

**သစ်တော မှန်လျှင် အသုံးဝင် အစဉ် ထာဝရ ထိန်းသိမ်းကြ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

အသင်း၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်သက်ထားဆွေ၏ ဖခင်ဖြစ်သူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါကြောင်း ဝမ်းနည်းဖွယ်သတင်းကို ကြားသိရသည့်အတွက် အသင်းအနေဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။
"ယာယီသမ္မတ ဦးမြင့်ဆွေ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်"

**မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး**
**ပူးပေါင်းဆောင်ရွက်မှုအသင်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၀၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၁၀ | ၃၀၇၅ | ၃၀၃၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၇၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

## မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပေးမည်

၁။ မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းကော်မတီတွင် မှတ်ပုံတင်ထားသည့် ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်များ၏ ယာဉ်ပိုင်ရှင်/မောင်းနှင့် ယာဉ်နောက်လိုက်များ၏(၂၀၂၅-၂၀၂၆)ခုနှစ် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် (၂၀၂၄-၂၀၂၅)ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်သူများအတွက် ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်၍ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆုလျှောက်ထားလိုသူများသည် ယကက (ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်)ရုံး၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)တွင် လျှောက်လွှာများ အခမဲ့ထုတ်ယူပြီး(၂၀-၈-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု လျှောက်ထားလိုသူများသည် လျှောက်လွှာတင်ရန်ကျန်ရှိမှုမရှိစေရေးအတွက် (၂၀-၈-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ကုန်တင်ယာဉ်/ခေါက်တိုယာဉ်
ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ
မန္တလေးမြို့။

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ အကွက်(၃၉၁)နေ ဒေါ်မြင့်မြင့်မော် (ဘ) ဦးအောင်မြတ် (၉/မနတ(နိုင်)၀၆၁၇၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-588484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-402600986

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ သံ/နောက်အကွက်(၃၉၁)နေ မောင်စိုးအောင် (ဘ) ဦးလှဦး(၉/မဟာမ(နိုင်)၀၄၇၄၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-2051107

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ သံ/နောက်အကွက်(၃၉၁)နေ မလင်းလဲ့လဲ့လှိုင် (ဘ) ဦးလှဦး(၉/မဟာမ(နိုင်)၀၃၅၉၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-043206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။09-2051107




## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။
၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။
၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။
၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

❖ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်...

❖ အစကောင်းမှ အနှောင်းသေချာမည်ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၁၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာ စာမျက်နှာ- ၁၉

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာ စာမျက်နှာ- ၁၉

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာ စာမျက်နှာ- ၁၉


# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုဖလားကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်းတို့ ဆွတ်ခူး




နေပြည်တော် ဩဂုတ် ၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊အမျိုးသမီးလေးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားလေးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို စာမျက်နှာ ၂၁ ကော်လံ ၁☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ စာမျက်နှာ ၁၇ ကော်လံ ၁ ❖


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257